

မင်းသိင်္ခ
ဘုမ္မာဝတီစာပေ
ဘာဘာ ဘာဘာမှမသိဘူး
ငါဟာ သီချင်တာတွေကို ရှာဖွေနေတဲ့ လူတစ်ယောက်ဖြစ်တယ်၊
ငါက ပြည့်စုံမှုတစ်ခုကို ရေငတ်သလို ငတ်မွတ်နေတဲ့သူပဲဖြစ်တယ်၊
ငါဟာ လှည့်လည်သွားလာရင်း ပတ်ဝန်းကျင်ကို အကူအညီပေးတယ်၊
တွေ့တဲ့လူတွေနဲ့ သင့်မြတ်အောင် ပေါင်းသင်းနေထိုင်ပြီး ပြည့်စုံမှုကို
ရှာဖွေနေသူဖြစ်တယ်၊ ငါဟာ လူတစ်ယောက်ဖြစ်တယ်......၊
Lလင်း

# ဘာဘာနှင့်တရားရုံး

တစ်နေ့သ၌ နယ်မြို့ကြီးတစ်မြို့ရှိ တရားရုံးတွင် အရေးကြီးသောအမှုတစ်ခုအတွက် ပုလိပ်ဘက်မှ ထည့်သွင်းထားသော သက်သေတစ်ဦးအ ၁း တရားသူကြီးက စင်မြင့်ပေါ်မှ နေ၍ လွန်စွာဟိန်းသောအသံကြီးဖြင့်

"မောင်မင်းနာမည် ဘယ်လိုခေါ်သလဲ" ဟု မေး လိုက်လေ၏။

"ဘာဘာ"

ဟု သက်သေက ဝက်ခြံအတွင်းမှ နေ၍ တုံးတိတိပြန်၍ ဖြေလိုက်၏။

"မင်း ဘာလူမျိုးလဲ" ဟု တရားသူကြီးက မေး လိုက်လေ၏။

"မပြောတတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ လူမျိုးကို တစ်ယောက်တစ်မျိုးပြောနေကြတာပဲ၊ ကျွန်တော်ဖြင့် ကိုယ့်ကိုယ်ကို ဘာလူမျိုးဆိုတာ တစ်ခါမှ မစဉ်းစားခဲ့မိပါဘူး၊ လူသားတွေထဲက လူတစ်ယောက်ပဲလို့ မှတ်သိထားပါတယ်၊ တရားသူကြီးက ဘာလုပ်မလို့ မေးနေတာတုန်း၊ ကျွန်တော်ဘာလူမျိုးဆိုတာ လူကြီးမင်းရဲ့ တရားဆုံးဖြတ်မှုကို ဘယ်လိုများ အထောက်အကူပေးမှာ မို့တုန်း"

ဟု ထိုသူက ပြန်၍ မေးလိုက်ရာ တရားရုံးတွင် လာရောက်နားထောင်နေကြသော ပရိသတ်များ သည် ပြုံးစိစိဖြစ်၍ သွားကြကုန်၏။ ထိုအခ

တရားသူကြီးက . . .

"မင်း ဘာတွေ လျှောက်ပြောနေတာတုံး"

ဟု မေးလိုက်ရာ ဘာဘာက . . .

"ကျွန်တော် ဘာတွေ လျှောက်ပြောနေမှန်းတောင် မသိပါဘူးဗျာ"

ဟု ပြန်ဖြေလိုက်ပြန်ရာ ပရိသတ်၏ ဟိုမှ သည် မှ ရယ်သံတိုးတိုးက လေးများ ထွက် လာလေ၏။ ထိုအခါ တရားသူကြီးသည် ဝက်ခြံအတွင်း မှ ဘာဘာဆိုသူ သက်သေအား သေချာစွာကြည့်၍

" မင်း ကုလားလား၊ တရုတ်လား၊ မြန်မာလား၊ ဘာလူမျိုးလဲ၊ အဲဒါ ကို ပြောစမ်း"

ဟု တရားသူကြီးက ခပ်ငေါက်ငေါက်မေး လိုက်လေ၏။

"အဲဒါကိုပဲ ပြောနေတာပေါ့၊ ကျွန်တော့်ဟာ ကျွန်တော် ကုလားလား၊ တရုတ်လား၊ မြန်မာလားဆိုတာ ကျွန်တော်ကိုယ်တိုင် အသေအချာမသိ ပါဘူးဗျာ၊ ဘာဖြစ်လို့ မသိဘူးလဲဆိုတော့ မမေးပါနဲ့ ၊ မသိလို့ ကို မသိ တာပါ၊ အဲဒီတော့ မုချဧကန် မသိပါဘူးပေါ့ တရားသူကြီးရာ"

ဟု ဘာဘာက ပြန်ပြော လိုက်လေ၏။

ထိုအခါတရားသူကြီးသည် ဘာဘာအား စူးစူးစိုက်စိုက် ကြည့်လိုက် ပြီးနောက် . . .

"မင်းအဖေ ဘယ်သူလဲ"

ဟု မေးလိုက်ရာ ဘာဘာက

"အဲဒါလည်း ကျွန်တော်မသိတာ အမှန်ပါဗျာ၊ ဒီကိစ္စက ကျွန်တော်နဲ့ ပတ်သက်တဲ့ ကိစ္စမဟုတ်ပါဘူး၊ ကျွန်တော့်အမေနဲ့ ပတ်သက်တဲ့ ကိစ္စပါ၊

အမေမှန်မှ အဘသားပါဗျာ၊ ဘာဖြစ်လို့ များ တရားသူကြီးမင်းက ဒီဥစ္စာ တွေ မေ းနေ တ ာတ ု န်း၊ ကျွန်တော့်အဖေ ဘယ်သူလဲဆိုတာဟာ တရားသူကြီးမင်းရဲ့ အမှုအပေါ် ဆုံးဖြတ်မှုမှာ ဘာများ အထောက်အကူ ရမှာ မို့တုန်း၊ ကျွန်တော်တောင် အဲဒါကို အချိန်ကုန်ခံပြီး မစဉ်းစားခဲ့ပါ ဘူး၊ စဉ်းစားလို့ ရနိုင်တဲ့ ဟာလည်း မဟုတ်ဘူး လေ"

ဟု ဘာဘာက ပြောလိုက်ရာ တရားရုံးပရိသတ်၏ ရယ်သံကလေး များ သည် အတော်အတန် ဆူညံညံကလေးများ ဖြစ် လာလေ၏။ တရား သူကြီးမင်းသည် အမှုလိုက် ပုလိပ်အရာရှိဘက်သို့ လှည့်ကာ . . .

"ဒီမှာ ရာဇဝတ်အုပ်ကြီး၊ ဒီလူကို ဘာသဘောနဲ့ သက်သေစာရင်းမှာ ခင်ဗျားထည့်ထားရတာတုန်း"

ဟု မျက်နှာတည်တည်ဖြင့် မေး လိုက်လေ၏။ ထိုအခါ အမှုလိုက်ရာ ဇဝတ်အုပ်က . . .

"တရားသူကြီးမင်း ခင်ဗျား၊ သူဟာ အခင်းဖြစ်ပွားတဲ့ နေရာမှာ အ နီးဆုံးရှိတဲ့ မျက်မြင်သက်သေပါ၊ ဒါကြောင့် အမှုအတွက် အလွန်အရေးကြီးတဲ့ သက်သေလည်း ဖြစ်ပါတယ်၊ သူ့ကို ဘယ်နည်းနဲ့ မှ မထည့်လို့ မဖြစ်ပါဘူး"

ဟု ပြန်၍ ပြော လိုက်လေ၏။ ထိုအခါ တရားသူကြီးက . . .

"အေးလေ၊ ခင်ဗျား အခုမြင်တဲ့ အတိုင်းပဲ၊ ခင်ဗျားသက်သေက ဘာ တစ်ခုမျှ စစ်လို့ မရပဲ၊ သူ ဘာလူမျိုးဆိုတာလဲ မေးလို့ မရဘူး၊ သူ့အဖေ ဘယ်သူလဲဆိုတာလည်း မေးလို့ မရဘူး"

ဟု ဆိုကာ ဘာဘာဘက်သို့ ပြန်၍ လှည့်ပြီးလျှင် . . .

"မောင်မင်း သေသေချာချာ ဖြေပါ၊ ဒါရုံးတော်ဖြစ်တယ်၊ ရုံးတော်ကို

မလေးမစားလုပ်ရင် အင်မတန် ကြီးလေးတဲ့ အပြစ်ဒဏ်ခံရတယ်ဆိုတာ မောင်မင်း သိပါသလား"

ဟု မေး လိုက်လေ၏။

"ကျွန်တော် မသိပါဘူး၊ ဒါပေမဲ့ ကျွန်တော်က ဘာဖြစ်လို့ ရုံးတော်ကို မလေးမစားလုပ်ရမှာ တုန်း၊ ကျွန်တော် ဘယ်သူ့ကိုမှ မလေးမစား မလုပ်တတ်ပါဘူး၊ ကျွန်တော်ဟာ အားလုံး အားလုံးကို လေးလေးစားစား စိတ်ထားတယ်၊ နေပူလို့ သစ်ပင်အောက်မှာ အရိပ်ခိုခဲ့မိရင်လည်း အဲဒီသစ်ပင်ကို လေးစားခဲ့ပါတယ်၊ အိုက်လို့ မြစ်ချောင်းထဲကို ရေဆင်းချိုးရင်လည်း အဲဒီ မြစ်နဲ့ ချောင်းကို လေးစားပါတယ်၊ ကျွန်တော် နင်းပြီး လျှောက်သွားခဲ့ရတဲ့ လမ်းတွေကိုလဲ လေးစားစွာနဲ့ လျှောက်ခဲ့တာပါပဲ၊ ကျွန်တော် နောက်ဖေးသွားချင်လို့ ချုံပုတ်ကို အသုံးပြုတဲ့ အခါမှာ ဖြစ်စေ၊ အိမ်သာကို အသုံးပြုတဲ့ အခါမှာ ဖြစ်စေ၊ ကျွန်တော်ဟာ အဲဒီအရာတွေကို လေးစားစွာ အသုံးပြုခဲ့ပါတယ်၊ အခုလည်း တရားသူကြီးမင်းရဲ့ ရုံးတော်ကို ကျွန်တော်ရောက်နေပြီ၊ လေးစားပါတယ်ခင်ဗျာ၊ ဘာဖြစ်လို့ မလေးစားရမှာ တုန်း၊ ရုံးတော်ကို လေးစားတာအပြင် တရားသူကြီးမင်းကိုလည်း ကျွန်တော် လေးစားပါတယ်၊ ကျွန်တော် တစ်ခုပြောချင်တာကတော တရားသူကြီးမင်းကလည်း ကျွန်တော့်ကို လေးလေးစားစား အရေးထားမေးမြန်းဖို့ သင့်ပါတယ်ခင်ဗျာ"

ဟု ပြောလိုက်ရာ ရုံးကို လာရောက်နားထောင်နေသော ပရိသတ်သာမက တရားလို၊ တရားခံ၊ ရှေ့နေများ သည် လည်းကောင်း၊ ရှေ့ဖတ်စာရေးသည် လည်းကောင်း၊ ပြာတာယပ်ဆွဲများ သည် လည်းကောင်း "ဝါးခ နဲ" ရယ်မောလိုက်ကြလေတော့၏။ ပတ်တုတ်၍ မရအောင် ဖြစ်သွားလေတော့၏။ တရားသူကြီးမင်းလည်း မျက်နှာကြီး ရှုံ့တွသွား

၏။ ချွေးများ ပင် ပြန် လာလေ၏။ ထို့ကြောင့် အခန်းထောင့်မှ ယပ်ဆွဲကို ကြည့်လိုက်ရာ ယပ်ဆွဲက တရားသူကြီး အကြည့်ကို ကောင်းစွာ နားလည်သွား၏။ ထို့ကြောင့် ယပ်ကြိုးကို ခပ်သွက်သွက်ဆွဲလိုက်ရာ တရားသူကြီး၏ ခေါင်းပေါ်တွင် ချိတ်ဆွဲထားသော ယပ်ပြားကြီးသည် သွက်သွက်လက်လက်နှင့် ရှေ့တိုးနောက်ငင်လှုပ်ရှားသွားလေ၏။ ထို့ကြောင့် စိတ်အိုက် လူအိုက်ဖြစ်နေသော တရားသူကြီးလည်း အအေးဓာတ်ကို အနည်းငယ်မျှ ရရှိခံစားရသဖြင့် အနည်းငယ်မျှသော ကိုယ်စိတ်ချမ်းသာမှုကို ရလေတော့၏။

"အခင်းဖြစ်ပွားတဲ့ နေရာမှာ မောင်မင်း ရှိတယ် မဟုတ်လား"

ဟု တရားသူကြီးက မေး လိုက်လေ၏။

"အခင်း ဖြစ်ပွားသလား ဘာလားတော့ ဘဘာ ဘာမှ မသိဘူး၊ လူတစ်ယောက်က လူတစ်ယောက်ကို ဓားနဲ့ ထိုးတယ်၊ အဲဒါကို ကျွန်တော် ကောင်းကောင်း ကြီးမြင်တာပေါ့၊ ဘယ်သူတွေဖြစ်တယ်ဆိုတာတော့ ကျွန်တော် မသိပါဘူး၊ မသိတဲ့ ကိစ္စကို မမေးတာဟာ နှစ်ယောက်စလုံး အတွက် အကျိုးရှိပါတယ်"

ဟု ဘဘာက ပြန်၍ ပြော လိုက်လေ၏။

"မင်းနဲ့ အဲဒီ လူသတ်မှုဖြစ်တဲ့ နေရာနဲ့ ဘယ်လောက်နီးသလဲ"

ဟု တရားသူကြီးက မေး လိုက်လေ၏။

"ကျွန်တော် မသိပါဘူး၊ အတိအကျလည်း တိုင်းမထားမိပါဘူး၊ ဘာကြောင့် မတိုင်းသလဲဆိုတော့ ကျွန်တော့်မှာ ပေတံမရှိလို့ ဘဲ၊ ရှိတယ်ထားဦး၊ ကျွန်တော်ဟာ ပေတံကို မယုံဘူး၊ ပေတံကို ယုံကြည်စိတ်ချစရာ ပစ္စည်းလို့ လည်း တစ်ခါမှ မထင်ခဲ့ဖူးပါဘူး၊ တစ်ပေမှာ ဆယ့်နှစ်လ

က်မရှိတယ်ဆိုတာကိုက သေချာတဲ့ ကိစ္စမှ မဟုတ်ဘဲ၊ သူပြော ငါပြော ကိစ္စတွေ မဟုတ်လား"

ဟု ဘာဘာက ပြန်ပြော လိုက်လေ၏။

ထိုအခါ တရားသူကြီးသည် ခေါင်းကို အနည်းငယ်ခါလိုက်ပြီးလျှင် . . .

"အခင်းဖြစ်ပွားတဲ့ အချိန်ဟာ ဘယ်အချိန်လောက် ရှိပြီလဲ"

ဟု မေး လိုက်လေ၏။

"အချိန်ကို မေးတာလား၊ နာရီကို မေးတာလား၊ ကျွန်တော့်မှာ နာရီ မရှိဘူး၊ ပြီးတော့ ကျွန်တော် နာရီကို မယုံဘူး၊ စက္ကန့်ခြောက်ဆယ်တစ်မိနစ်ကိုရော၊ မိနစ်ခြောက်ဆယ် တစ်နာရီကိုရော၊ နှစ်ဆယ့်လေးနာရီ တစ်ရက်ကိုရော ကျွန်တော် လုံးဝ မယုံဘူး၊ ယုံစရာတွေလို့ လည်း တစ်ခါမှ မထင်မိခဲ့ပါဘူး၊ အဲဒါတွေဟာလည်း သူပြော ငါပြော ကိစ္စတွေပဲ၊ စက္ကန့်ခြောက်ဆယ်တစ်မိနစ်မလုပ်ဘဲ ခြောက်စက္ကန့်ကို တစ်မိနစ်၊ ခြောက်မိနစ်ကို တစ်နာရီလို့ လုပ်ထားရင်လည်း ဖြစ်နိုင်တာပါပဲ၊ ဒါကြောင့် ဘာဘာနာရီကို မယုံဘူး"

ဟု ဘာဘာက ပြောလိုက်ရာ ကြားရသော ပရိသတ်ကြီးသည် ဝါးကနဲ ရယ်မောလိုက်ကြလေ၏။ ထိုအခါ တရားသူကြီးက . . .

"အခင်းဖြစ်ပွားတဲ့ ကိစ္စမှာ ဘယ်သူလွန်သလဲ၊ ဓားနဲ့ ထိုးတဲ့ လူ လွန်သလား၊ အထိုးခံရတဲ့ သူ လွန်သလား"

ဟု မေးလိုက်ပြန်၏။

"ကျွန်တော် မပြောတတ်ပါဘူး၊ ဘယ်သူလွန်တယ်၊ ဘယ်သူမှားတယ်ဆိုတာ ကျွန်တော် ပြောရမယ့်စကားလည်း မဟုတ်ပါဘူး၊

တရားသူကြီးက ပြောရမှာ ပါ၊ ခားနဲ့ ထိုးတာကလေးကို မြင်ရုံနဲ့ ထိုးတဲ့သူ လွန်တယ်လို့ မပြောနိုင်ဘူး၊ အထိုးခံရတဲ့ လူက ဘာတွေလုပ်ထားသလဲဆိုတာမှ မသိရဘဲ အဲဒါကို မမေးပါနဲ့ ၊ ဒါတွေ ဘာမှ မစဉ်းစားချင်ဘူး၊ လူတော်တော်များများက အဲဒါကို မစဉ်းစားချင်ကြပါဘူး၊ ဒါကြောင့် တရားသူကြီးဆိုတာ လောကမှာ ရှိနေရတာပေ့ါ၊ တရားသူကြီးအနေနဲ့ ကတော့ စဉ်းစားချင်တယ်ဖြစ်စေ၊ မစဉ်းစားချင်ဘူးဖြစ်စေ၊ အဲဒီလို စဉ်းစားဖို့ လခယူထားတယ် မဟုတ်လား"

ဟု ဘာဘာက ပြော လိုက်လေ၏။

"ကောင်းပြီ၊ အခင်းဖြစ်ပွားတဲ့ နေရာကို မောင်မင်းက ဘာဖြစ်လို့ ရောက်နေတာလဲ" ဟု တရားသူကြီးက မေး လိုက်လေ၏။

"အခင်းဖြစ်ပွားတယ်ဆိုတာ ခားနဲ့ ထိုးတာကို ပြောတာလား၊ ဒီမှာ တရားသူကြီး၊ ခားနဲ့ ထိုးကြတဲ့ နေရာကို ကျွန်တော်မသွားပါဘူး၊ ကျွန်တော် ထိုင်နေတဲ့ နေရာနားမှာ လာပြီး သူတို့ အလုပ် သူတို့ လုပ်ကြတာပါ၊ တစ်ယောက်က ခားနဲ့ ထိုးတဲ့ အလုပ်ကို လုပ်တယ်၊ တစ်ယောက်က ခားထိုးခံရတဲ့ အလုပ်ကိုလုပ်ပြီး သေသွားပြီ" ဟု ဘာဘာက ပြော လိုက်လေ၏။

"မောင်မင်းဟာ ဘာမှ လဲ မသိပါလား"

ဟု တရားသူကြီးက ပြော လိုက်လေ၏။

" တရားသူကြီးက ကျွန်တော်မသိတာတွေကို လျှောက်မေးနေတာကိုး" ဟု ဘာဘာက ပြန်ပြော လိုက်လေ၏။

"မောင်မင်းအကြောင်းကို မေးတာတောင် မောင်မင်း ဖြေမှ မဖြေနိုင်ပဲ" ဟု တရားသူကြီးက မေး လိုက်လေ၏။

"အဲဒါ အခက်ဆုံးပဲ၊ ကိုယ့်အကြောင်းကို ကိုယ်မသိနိုင်ဆုံးပဲ၊ ကဲ ဘာဘာ တစ်ခုမေးမယ်၊ တရားသူကြီးရဲ့ နဖူးမှာ မင်အနက်တွေ ဘာဖြစ်လို့ ပေနေတာလဲ"

ဟု ဘာဘာက ပြောလိုက်ရာ တရားသူကြီးသည် လက်ကိုင်ပဝါကို ကပျာကယာထုတ်၍ သူ၏ နဖူးကို သုတ်လိုက်ပြီးလျှင် တစ်ဖန်ပြန်၍ လက်ကိုင်ပဝါကို ကြည့် လိုက်လေ၏။မည်သည့်မင်မျှ စွန်းပေလာကြောင်း မတွေ့ရသဖြင့် အံ့သြ၍ သွားလေ၏။

ထိုအချိန်၌ တရားရုံးပရိသတ်သည် တရားရုံးကြီးကွဲထွက်လုမတတ် ဟစ်အော်ရယ်မောကြလေတော့၏။ တရားသူကြီးသည် မိမိနဖူး၌ မည်သည့်မင်မှ ပေနေခြင်း မရှိဘဲလျက် ဘာဘာဆိုသည့် ကောင်၏ ပရိယာယ ်ကြေ ာင ့် နဖူးကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ရကြောင်း နားလည်သွားပြီ ဖြစ်၏။

ထိုအခါ ဘာဘာက . . .

"လူတွေဟာ ကိုယ့်အကြောင်းကို ကိုယ်မသိဆုံးပါ၊ တရားသူကြီးယုံပြီလား"

ဟု ပြန်၍ မေး လိုက်လေ၏။ တရားသူကြီးလည်း ရှက်ကိုးရှက်ကန်း နှင့်

"ကဲ . . . မောင်မင်း ငါမမေးတော့ဘူး၊ မင်းသိတာပဲ ပြောပေတော့" ဟု ဆိုလိုက်ရာ ဘာဘာက အောက်ပါအတိုင်း ပြောဆို လိုက်လေတော့၏။

"ဘာဘာ ဘာမှ မသိဘူး"

*

စက်ရှင်တရားသူကြီး၏ ရုံးသည် ဇာတ်ရုံကဲ့သို့ ရယ်သံများ တသော သောညံ၍ ကျန်ရစ်ခဲ့လေ၏။ ဘာဘာကိုမူ တရားသူကြီး၏ အမိန့်ဖြင့် သက်သေစာရင်းမှ ပယ်ထုတ်၍ ပြန်ခိုင်း လိုက်လေတော့၏။

ဘာဘာသည် တဖြည်းဖြည်းလျှောက်လာ၏။ ယင်း၏ နောက်၌ မူ အမှုလိုက်ရာဇဝတ်အုပ်သည် ခပ်သုတ်သုတ်လိုက်၍ လာပြီးလျှင် ဘာ ဘာအား . . .

"နေစမ်းပါဦးကွာ"

ဟု ဆိုလိုက်သဖြင့် ဘာဘာသည် ရပ် လိုက်လေ၏။ ထိုအခါ ရာဇဝ တ်အုပ်က

"မင်း ဘာတွေ လျှောက်ပြောခဲ့တာလဲကွ"

ဟု မေး လိုက်လေ၏။

"အစကတည်းက ကျုပ် ခင်ဗျားကို ပြောသားပဲ၊ကျုပ်ကို သက်သေ စာရင်းမှာ မထည့်ပါနဲ့ ဆိုတာ ခင်ဗျားက သွားပြီးထည့်တာကိုး၊ ခင်ဗျား တို့ တရားသူကြီးကလည်း ဉာဏ်ပညာဗဟု သုတ ရှိပါလားဗျာ၊ အတော့် ကို ညံ့တာပဲ၊ မင်းနာမည် ဘယ်သူလဲ၊ မင်း ဘာလူမျိုးလဲ၊ မင်းအဖေ ဘ ယ်သူလဲဆိုတဲ့ မေးရိုးမေးစဉ်မေးခွန်းလောက်ပဲ မေးတတ်ရှာတယ်၊ ဒီကြားထဲ ကျုပ်လို ဘာမှ မသိတဲ့ ကောင်နဲ့ တွေ့တော့ သူ့အဖို့ အခက် တွေ့သွားတာပေါ့၊ ဒီအမှုမှာ ကျုပ်ကတော့ တရားသူကြီးကို အသနား ဆုံးပဲ၊ ဒုတိယ ခင်ဗျားကို သနားတယ်၊ တတိယ တရားလိုဘက်က လိုက် တဲ့ ရှေ့နေကြီးကို သနားတယ်၊ ပြီးတော့ တရားခံကို သနားတယ်၊ အသ တ်ခံရတဲ့ လူကတော့ သနားဖို့ မရှိဘူးဗျ၊ သူက သေပြီပဲ"

ဟု ဘာဘာက ပြောလိုက်ရာ ရာဇဝတ်အုပ်ကြီးက . . .

"မင်းကို ထည့်မိတာ ငါတို့ ဘက် တပန်းရှုံးသွားပြီ၊ ဟိုဘက်က ရှေ့နေကတော့ သူ့တရားခံ လွတ်အောင်လုပ်ဖို့ ၊ ရန်းထွက်ဖို့ အပေါက်တွေ အများကြီးရသွားပြီ" ဟု ပြော လိုက်လေ၏။

"ဒါတွေ ကျုပ် မသိဘူး"

ဟု ဘာဘာက ပြန်၍ ပြော လိုက်လေ၏။ ထိုအခါ ရာဇဝတ်အုပ်ကြီးက

"သွားတော့ကွာ . . . "

ဟု စိတ်ပျက်သံကြီးဖြင့် ပြော လိုက်လေ၏။ ဘာဘာသည် ရုံးဝင်းအတွင်းမှ ထွက်လာခဲ့လေတော့၏။ ထို့နောက် ဘာဘာသည် ခြေဦးတည့်ရာ လျှောက်သွားခဲ့၏။ ရှေ့သို့သွားနေသည် ဟု ဆိုနိုင်၏။ (သို့မဟုတ်) နောက်သို့ ပြန်လာခဲ့သည် ဟု လည်း ဆိုနိုင်၏။ အဘယ့်ကြောင့် ဆိုသော် ဘာဘာကား ဦးတည်ချက်မရှိဘဲ လျှောက်၍ သွားနေသောကြောင့် ဖြစ်၏။

*

# ဘာဘာဆေးရုံရောက်ခြင်း

ဘာဘာသည် ခြေဦးတည့်ရာကို လျှောက်၍ လာခဲ့လေ၏။ ထိုသို့ လျှောက်၍ လာရင်းသူ၏ စိတ်အာရုံ၌ သူ့အား သက်သေစာရင်းသွင်းခဲ့သော ရာဇဝတ်အုပ်ကြီး၏ မျက်နှာကို လည်းကောင်း၊ သူ့အနီးအနားတွင် ဓားထိုးခံရ၍ သေဆုံးသွားသောသူ၏ မျက်နှာသည် လည်းကောင်း၊ ထိုသူအား ဓားဖြင့် ထိုးသတ်သွားသော လူသတ်သမား တရားခံ၏ မျက်နှာသည် လည်းကောင်း၊ ထိုတရားခံလူသတ်သမား ဌားရမ်းထားသော ပျာယာခတ်နေသည့် ရှေ့နေကြီး၏ မျက်နှာသည် လည်းကောင်း၊ စိတ်အိုက်လူအိုက်ဖြစ်နေသော စက်ရှင်တရားသူကြီး၏ မျက်နှာသည် လည်းကောင်း၊ ကျွမ်းကျင်သောဖဲသမားတစ်ဦး ကုလားဖန်ထိုးလိုက်သည့်အခါ၌ ဖဲချပ်များ တဖျပ်ဖျပ်နှင့် တစ်ခုကို တစ်ခု ရိုက်ခတ်ကာ တစ်ချပ်ပြီးတစ်ချပ် ပေါ်လာသကဲ့သို့ ထိုသူ၏ မျက်နှာများ သည် လည်း ပေါ်၍ လာခဲ့တော့သည် ။

သူသည် ဤသို့လျှောက်လာရင်း ဘူတာရုံအနီးသို့ ရောက်သွား၏။ ထိုအခါကျမှ သူ၏ အိတ်တွင်းသို့ နှိုက်ကြည့်လိုက်ရာ ငွေအကြွေအနည်းကိုတွေ့သဖြင့် ဘူတာရုံအနီးလမ်းကြားအတွင်း၌ ဖွင့်ထားသော ထမင်းဆိုင်၌ ဈေးအသက်သာဆုံး ဟင်းဖြင့် ထမင်းတစ်ပန်းကန်စားမည်ဟု ထိုလမ်းကြားအတွင်းသို့ ချိုးဝင်လိုက်ရာ တစ်စုံတစ်ယောက်သည် သူ၏ မျက်နှာအား"ဖျန်းခနဲ" ရိုက် လိုက်လေ၏။ သူသည် နောက်သို့ လန်သွား၏ ။ မျက်စိ၌ လည်း "ဝင်းခနဲ" ဖြစ်သွား၏။ ထို့နောက် ပြင်းထန်မာကျော

သော အရာတစ်ခုသည် သူ့ခေါင်းပေါ်သို့ ဒုန်းခနဲကျလာ၏။ ထို့နောက် သူသည် ဘာကိုမှ မသိဘဲဖြစ်သွားလေ၏။

ဘာဘာသည် နာရီပေါင်းများ စွာ သတိလစ်မေ့မြောခဲ့ပြီးနောက် ပြန်လည်၍ သတိရလာ၏။ သို့ရာတွင် သူ၏ ခေါင်းသည် မူးဝေ နေသကဲ့သို့ ရှိ၏။ ထိုအခါ လွန်စွာချိုသာသော မိန်းကလေးတစ်ဦး၏ အသံကို စတင်ကြားရ၏။

"ဒေါက်တာ . . . ပေးရှင့် သတိရ လာပြီ"

ဟူသော အသံ ဖြစ်၏။

"ဟုတ်လား၊ သတိရလာရင် ဂါတ်ကို အကြောင်းကြားရမယ်၊ ဂါတ်က တိုက်ပိုင်ကြီးကိုယ်တိုင်မှာ ထားတာ၊ သူ့ကို စစ်ချက်ယူပြီး အက်ဖ်အိုင်အာဖွင့်ရမယ်လို့ ပြောတယ်"

ဟု ဒေါက်တာက သူနာပြုဆရာမလေးအား ပြန်လည်၍ ပြောသော အသံကိုလည်း ကြားရလေတော့၏။

ထို့နောက် ဘာဘာသည် မျက်စိကို ဖြည်းဖြည်းချင်းဖွင့်ကြည့် လိုက်လေ၏။ သူသည် ခုတင်တစ်လုံးပေါ်၌ အိပ်စက်နေကြောင်း၊ ခုတင်ခေါင်းရင်းတွင် ဗီရိုလေးတစ်လုံးရှိကြောင်း၊ သူ၏ ခုတင်နှင့် မလှမ်းမကမ်းတွင် ဝင်ပေါက်တံခါးနှင့်အတူ ပြတင်းပေါက်တစ်ခုရှိကြောင်း သတိပြုမိလေ၏။

ဘာဘာသည် ပြတင်းပေါက်မှ တစ်ဆင့် အပြင်ဘက်မှ ရှုခင်းကိုလှမ်း၍ ကြည့် လိုက်လေ၏။ စိမ်းလန်းစိုပြည်သော အရွက်များ နှင့် တင့်တယ်လှသော တရုတ်စကားပင်အုပ်အုပ်ကြီးကို အပေါ်စီးမှ နေ၍ မြင်နေရ၏။ ထို့နောက် ဟိုမှ သည် မှ ပျံသန်းရင်း "တကျွိကျွိ" အော်မြည်နေသော

စာကလေး ဆွေမျိုးတစ်သိုက်ကိုလည်း တွေ့ရ၏။ အားလုံးကို သဲကွဲစွာမြင်ရသော်လည်း နေရောင်ကိုမူ မတွေ့ရ။

"ရှင် ကောင်းကောင်း သတိရပြီလား"

ဟု မေးလိုက်သောအသံကြောင့် သူသည် အသံလာရာ ခေါင်းရင်းဘက်ဆီသို့ လှမ်း၍ ကြည့်လိုက်ရာ သူနာပြုဆရာမလေးတစ်ဦးကို တွေ့ရလေ၏။ ဆရာမလေး၏ မျက်နှာသည် ပြုံးချိုလှ၏ သူသည် ဆရာမလေးကို သေချာစွာကြည့်ပြီးနောက် . . .

"ကျွန်းမာရဲ့ နော်၊ မျက်လုံးဖွင့်ဖွင့်ချင်း ကျက်သရေမင်္ဂလာရှိတဲ့ အရာနှစ်ခုကို တွေ့ရတယ်။ ဟောဟို တရုတ်စကားပင်စိမ်းစိမ်းကြီးရယ်၊ ပြီးတော့ ခင်ဗျားရယ်၊ တရုတ်စကားပင်ကြီးက လှတယ်၊ ခင်ဗျားကလည်း . . ."

ဟု ဆိုကာ ဘာဘာပြောမည့်စကားကို ရပ် လိုက်လေ၏။ ထိုသို့ရပ်လိုက်ပြီးနောက်မှ . . .

"ခင်ဗျားကလည်း အတော့်ကို ချိုချိုသာသာစကားပြောတတ်တာပဲ၊ ခင်ဗျားအသံဟာ ကျုပ်နားထဲမှာ အလွန့်ကို ကျက်သရေမင်္ဂလာရှိပါတယ်၊ ဒါနဲ့ မေးရဦးမယ်၊ အခုဟာ နံနက်လား ညလားဗျ"

ဟု ဘာဘာက မေး လိုက်လေ၏။

"နံနက် ငါးနာရီထိုးပြီရှင်၊ ရှင် ကောင်းကောင်း သတိရ လာပြီနော်၊ ရှင် မနေ့ကတည်းက သတိလစ်နေတာ"

ဟု သူနာပြုဆရာမက ပြော လိုက်လေ၏။

"ဩော် . . . ကျုပ် သတိလစ်နေတဲ့ အချိန်မှာ ကျုပ်နားမှာ ခင်ဗျားရှိနေတယ်ပေ့ါ၊ ကျုပ်ကို စောင့်ရှောက်နေတယ်ပေ့ါ၊ အားနာစရာကြီးဗျာ၊

ခင်ဗျားလည်း တစ်ညလုံး အိပ်ရေးပျက်နေမှာ ပဲ၊ အိပ်တော့လေဗျာ"

ဟု ဘာဘာက ပြောလိုက်ရာ သူနာပြုဆရာမလေးက . . .

"ကျွန်မက ခြောက်နာရီထိုးမှ အော့(ဖ်)ရှင့်"

ဟု ပြန်ပြော လိုက်လေ၏။

"အင်းလေ . . . ခြောက်နာရီထိုးအောင် ဘာဖြစ်လို့ စောင့်နေရမှာ လဲ၊ အခု ခင်ဗျားမှာ ကျုပ်အတွက် ဘာမှ လုပ်ပေးစရာမလိုတော့ပဲ၊ ပြန်ပြီးအိပ်ပေါ့ဗျ၊ အိပ်တာဟာ အပြစ်အကင်းဆုံးဇိမ်ယူနည်းတစ်မျိုးပဲဗျ၊ ပြီးတော့ သူက အဖော်မလိုဘူး၊ တစ်ယောက်တည်းလုပ်လို့ ရတဲ့ ကိစ္စပဲ၊ ပြန်အိပ်ပါ ဆရာမရယ်၊ ကျုပ်အတွက်တော့ စောင့်မနေပါနဲ့ ၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်ကို ပြထားခဲ့၊ ဘာဆေးသောက်ရမယ်၊ ဘယ်အချိန် သောက်ရမယ် ပြထားခဲ့၊ ကျုပ်ဟာ ကျုပ် ယူသောက်မယ်"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေးက . . .

"အို . . . ဒါက ဆေးရုံရှင့်၊ ကိုယ်ပြန်ချင်တဲ့ အချိန် ပြန်သွားလို့ မရဘူး ၊ စည်းကမ်းရှိတယ်"

ဟု ထိတ်ထိတ်ပျာပျာဖြင့် ပြန်၍ ပြောလေ၏။

"စည်းကမ်း ဟုတ်လား၊ စိတ်ညစ်စရာအကောင်းဆုံးကိစ္စကိုပြပါဆိုရင် အဲဒီစည်းကမ်းပဲဗျ၊ ခြောက်နာရီထိုးမှ ပြန်ရမယ်ဆိုတဲ့ စည်းကမ်းကြောင့် ငါးနာရီထိုးကတည်းက ဘာအလုပ်မှ မရှိဘဲနဲ့ ဒီအတိုင်းနေနေရတာဟာ ပျင်းဖို့ ကောင်းလိုက်တာ၊ ကျုပ်သာ ဆိုရင်တော့ ပြန်သွားပြီ၊ အင်း . . . တစ်ခုတော့ရှိတယ်၊ ခြောက်နာရီထိုးရင် ပြန်ရမယ်ဆိုတဲ့ စည်းကမ်းကြောင့် လုပ်စရာကိစ္စတွေရှိလျက်နဲ့ စည်းကမ်းအတိုင်း ပြန်သွားတယ်ဆိုရင်လည်း ဒါဟာ မိုက်မဲတာပဲဗျ"

ဟု ဘာဘာက ပြောလိုက်ရာ သူနာပြုဆရာမလေးက ပြုံး လိုက်လေ၏။ ထို့နောက် သူနာပြုဆရာမလေးသည် ဘာဘာ့အတွက် ကော်ဖီတစ်ခွက်ဖျော်၍ ပေးပြီးလျှင် . . .

"ရှင် ခေါင်းထဲမှာ မူးနေတယ် မဟုတ်လား၊ ဟောဒီဆေးတစ်ပြားကို ကော်ဖီနဲ့ သောက်လိုက်"

ဟု ဆိုကာ ကော်ဖီနှင့်အတူ ဆေးပြားလေးတစ်ပြားကို ပေး လိုက်လေ၏။ ထိုအခါ ဘာဘာသည် ဆေးပြားလေးကို ကောက်၍ မျိုလိုက်ပြီးလျှင် ကော်ဖီကို မော့ချ လိုက်လေ၏။ ထိုအချိန်၌ မှာ ပင် ဆရာဝန်နှင့်အတူ ရာဇဝတ်အုပ်တစ်ဦးနှင့် ရိုးရိုးပုလိပ်ကလေးတစ်ဦး ရောက် လာလေ၏။ ပုလိပ်ကလေးသည် ဘာဘာရှိရာ အခန်းတွင်းသို့ ဝင်ပြီးလျှင် ရာဇဝတ်အုပ်က အနီးရှိကုလားထိုင်တစ်လုံးဆွဲယူကာ ဘာဘာ၏ ခုတင်အနီး၌ ထိုင်၍ . . .

"မင်းနာမည် ဘယ်သူလဲ"

ဟု မေး လိုက်လေ၏။

"ဘာဘာ"

ဘာဘာက ပြန်၍ ဖြေ လိုက်လေ၏။

"မင်း ဘာလူမျိုးလဲ"

ဟု ရာဇဝတ်အုပ်က မေးပြန်လေ၏။ ထိုအခါ ဘာဘာသည် ကော်ဖီကို ကုန်စင်အောင် မော့၍ သောက်လိုက်ပြီးနောက် . . .

"မင်း ဘာလူမျိုးလဲ၊ ဘယ်ဘာသာ ကိုးကွယ်သလဲ၊ မင်းအဖေ ဘယ်သူလဲ၊ မင်း ဘာအလုပ်လုပ်သလဲ၊ ဒါမျိုးတွေ မေးမလို့ လား ရာဇဝတ်အုပ်ကြီး၊ ဒီမေးခွန်းတွေက သမားရိုးကျမေးခွန်းတွေပါဗျာ၊ ဖြေရတဲ့ လူအ

ဖို့ ပျင်းဖို့ ကောင်းပါတယ်၊ အရေးလည်း ကြီးလှမယ် မထင်ပါဘူး၊ အဲဒါတွေ ထားလိုက်စမ်းပါဗျာ၊ ကျုပ်သိချင်တာလေးတစ်ခု မေးစမ်းပါရစေဦး၊ ကျုပ်ကို တစ်ယောက်ယောက်က ရိုက်လိုက်တာပဲဗျ၊ ဘယ်သူရိုက်တာလဲ၊ ဘာဖြစ်လို့ ရိုက်တာလဲ အဲဒါပြောစမ်းပါဗျ၊ ခင်ဗျားတို့ ဒုက္ခကလည်း ရိုက်တဲ့ လူမရှာဘဲ အရိုက်ခံရတဲ့ လူကိုပဲ လာပြီး မေးခွန်းတွေထုတ်နေတာပဲ"

ဟု ဘာဘာက ပြောလိုက်ရာ မျက်နှာတည်လှသော ဆရာဝန်ကြီးပင် ပြုံး၍ လာလေ၏။ ဆရာမလေးမှာ ရယ်ချင်လွန်း၍ နှုတ်ခမ်းကို ကိုက်ထားရလေ၏။ စစ်ချက်လာယူသော ရာဇဝတ်အုပ်မှာ လည်း စိတ်ညစ်၍ သွားလေ၏။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲကွ၊ ငါမေးတာကို ဖြေစမ်းပါ၊ မင်းကို ငါက အပျင်းပြေလာမေးနေတယ်များ အောက်မေ့လို့ လား၊ တာဝန်ရှိလို့ လာမေးနေတာကွ"

ဟု ရာဇဝတ်အုပ်က ခပ်ငေါက်ငေါက် ပြန်၍ ပြော လိုက်လေ၏။

"တာဝန်ရှိလို့ လုပ်နေတယ်ဆိုရင်လည်း မလုပ်ပါနဲ့ လားဗျာ၊ စိတ်ပါတဲ့ အခါမှ ထပြီးလုပ်ပေါ့၊ ပြီးတော့ ကျုပ်အနေနဲ့ ပြောရရင်တော့ ကျုပ်ကို ဘယ်သူကပဲရိုက်ရိုက်၊ ဘာကိစ္စနဲ့ ပဲ ရိုက်ရိုက်၊ ထားလိုက်ပါဗျာ"

ဟု ဘာဘာက ပြောလိုက်ရာ စစ်ချက်လာယူသော ရာဇဝတ်အုပ်က

"မင်းက ထားချင်ပေမယ့် တို့ က ထားလို့ မရဘူးကွ"

ဟု ပြန်၍ ပြောလေ၏။

"အဲဒါ ဘယ်လိုဖြစ်တာလဲဗျ၊ ကာယကံရှင်ဖြစ်တဲ့ ကျုပ်ကတောင် ဘာမှ အရေးမကြီးပါဘူးလို့ ပြောနေတာတောင် ခင်ဗျားက

ဘယ့်နှယ့်ကြောင့် အရေးကြီးနေရတာလဲ၊ ခင်ဗျား အရိုက်ခံရတာလည်း မဟုတ်ဘူး ၊ ပြန်ပါ ရာဇဝတ်အုပ်ကြီးရယ်၊ ကိုယ့်ဟာကိုယ် နေတတ်သလိုနေလိုက်စမ်းပါ၊ ကျုပ်အတွက် ခင်ဗျားက မနာစမ်းပါနဲ့ ဗျာ"

ဟု ဘာဘာက ပြော လိုက်လေ၏။ ထိုအခါ ရာဇဝတ်အုပ်က . . .

"မင်းအတွက် နာလို့ လာတာ မဟုတ်ဘူး ဟေ့၊ ဝတ္တရားကွ ဝတ္တရား၊ အဲဒါကြောင့် လာရတာ"

ဟု ပြောလေ၏။

"ခင်ဗျားပြောတဲ့ ဝတ္တရားဆိုတာကြီးဟာ ဝပ်နေတဲ့ တရားကြီးပဲဗျာ၊ ခင်ဗျားကိုယ်တိုင်လည်း စိတ်မဝင်စားတဲ့ ကိစ္စကို အဲဒီ ဝတ္တရားဆိုတာကြီးကြောင့် လာနေရတာလား၊ ဟိုမှာ ကြည့်စမ်း၊ စာကလေးတွေ ဟိုသွားလိုက် ဒီပျံလိုက်နဲ့ တစ်ကောင်တစ်ကောင် ဆိတ်လိုက်၊ အစာစားလိုက်နဲ့ ဘယ်လောက်ပျော်စရာကောင်းလိုက်သလဲဗျာ၊ ဘယ်လောက်လွတ်လပ်သလဲ၊ ခင်ဗျားဥစ္စာက စာကလေးလောက်တောင် မနိပ်ပါလား"

ဟု ဘာဘာက ပြော လိုက်လေ၏။ ထိုအခါ အမှုစစ်ချက်ယူသော ရာဇဝတ်အုပ်လည်း လွန်စွာ စိတ်တိုနေပြီ ဖြစ်၏။

"ဟေ့ကောင် . . . မင်း ငါမေးတာ ကောင်းကောင်း ဖြေနော်၊ တရားလိုကနေ တရားခံဖြစ်သွားမယ်"

ဟု ရာဇဝတ်အုပ်က ပြော လိုက်လေ၏။ ဘာဘာသည် ထိုရာဇဝတ်အုပ်၏ မျက်နှာကို ကြည့်လိုက်ပြီးလျှင် ပြုံး လိုက်လေ၏။

"ခင်ဗျားဥစ္စာကလည်း ဘယ်လိုတုန်းဗျ၊ အခုပဲ ကျုပ်က တရားလို၊ အခုပဲ ခင်ဗျားမေးတာလေးမဖြေတာနဲ့ တရားခံ၊ ဘယ်လိုဟာတုန်းဗျ၊

အပြောင်းအလဲမြန်လှချည်လား၊ ခင်ဗျားတို့ အလုပ်က တိတိကျကျမရှိဘူးထင်တယ်၊ ခုတစ်မျိုး ခုတစ်မျိုးနဲ့ ၊ ခင်ဗျားတို့ အလုပ်ကို တိတိကျကျလုပ်ထားမှ ကောင်းမယ်ထင်တယ်၊ နေပါဦး ရာဇဝတ်အုပ်ကြီးရယ်၊ တရားခံဖြစ်သွားရင်လည်း မင်းနာမည် ဘယ်သူလဲ၊ မင်းအဖေ ဘယ်သူလဲ၊ မင်း ဘာလူမျိုးလဲ၊ အဲဒီမေးခွန်းတွေပဲ လာပြီး မေးဦးမှာ ပဲလား"

ဟု ဘာဘာက ပြန်၍ ပြောလိုက်ရာ ဆရာဝန်ကြီးသည် "တခစ်ခစ်" ရယ်လေ၏။ သူနာပြုဆရာမ မိန်းမချောလေးမှာ မူ ၎င်း၏ မျက်နှာကို အနီးရှိ စာအုပ်တစ်အုပ်နှင့် ကွယ်၍ ရယ် လိုက်လေ၏။

"မင်းလို ကောင်မျိုး နောက်ထပ်သုံးယောက်နဲ့ အလုပ်လုပ်ရမယ်ဆိုရင် ငါတော့ ပင်စင်မစေ့ခင် အလုပ်ထွက်ရလိမ့်မယ်ဟေ့၊ ဘယ်လိုလက်ပေါက်ကတ်တဲ့ ကောင်တွေလဲ မသိပါဘူး၊ ရိုက်တဲ့ ကောင်ကလည်း အသေရိုက်လိုက်တာ မဟုတ်ဘူး "

ဟု ရာဇဝတ်အုပ်ကြီးက ပြော လိုက်လေ၏။ ထိုအခါ ဘာဘာက

"ဟုတ်တယ်ဗျ၊ ဒီကောင်တွေ ဘာဖြစ်လို့ ကျုပ်ကိုအသေမရိုက်လိုက်သလဲဆိုတာ ခင်ဗျားသိချင်သလို ကျုပ်လည်း သိချင်တယ်ဗျ၊ အဲဒီတော့ အဲဒီကောင်တွေကို သွားရှာဗျာ မေးကြည့်ရအောင်"

ဟု ပြော လိုက်လေတော့၏။ ထိုအခါ ရာဇဝတ်အုပ်ကြီးက. . .

"ခိုင်း ခိုင်း၊ မင်းကချည်းပဲ ငါ့ဆီ ဆီးခိုင်း၊ ငါတော့ ဦးနှောက်ခြောက်လာပြီ"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဘာဘာက . . .

"မနေ့က နေ့ခင်းတုန်းက စက်ရှင်ရုံးမှာ လူသတ်မှုတစ်ခု စစ်တယ်ဗျ၊ အဲဒီမှာ ကျုပ်က တရားလိုပြ သက်သေဗျ၊ ကျုပ်ကို တရားသူကြီးက

လျှောက်ပြီးမေးတယ်၊ ကျုပ်ကလည်း ဘာမှ ပီပီပြင်ပြင် မဖြေခဲ့ဘူး၊ ကျုပ်စိတ်ထဲမှာ ရှိတာတွေ အကုန်လျှောက်ပြောပြီး ပြန်လာခဲ့တယ်၊ အဲဒီတော့ တရားခံဟာ လွတ်ပေါက် နီးသွားတာပေါ့ဗျာ၊ အဲဒါကြောင့် ကျုပ်ကို ရိုက်တဲ့ လူတွေဟာ တရားလိုဘက်က လူတွေဖြစ်လိမ့်မယ်၊ ဒါများ ခင်ဗျားက နည်းနည်းမှ မစဉ်းစားတတ်ဘဲ ပုလိပ်လုပ်နေတာ အံ့ပါရဲ့ ဗျာ"

ဟု ပြောလိုက်ရာ အနီးတွင် ရပ်နားထောင်နေသော ဆရာဝန်ကြီးသည် မျက်လုံးပြူး၍ သွားလေ၏။ ထိုအခါ ရာဇဝတ်အုပ်က . . .

"မင်း ငါ့ကို ဆရာမလုပ်နဲ့ ကွ၊ ဒီမှာ မြင်လား"

ဟု ဆိုကာ ပါးစပ်ကိုဖြဲ၍ အံသွားကို လက်ညှိုးဖြင့် ထိုးပြ လိုက်လေ၏။

"ခင်ဗျား ဘာတွေ ကျုပ်ကို ပြနေတာလဲ၊ သွားနာလို့ လား၊ သွားနာရင် ဟိုဘက်က ဆရာဝန်ကြီးကို ပြ၊ ဆရာဝန်ကြီး ပြရုံနဲ့ လည်း မပြီးသေးဘူး၊ နံပါတ်တစ် နေ့စဉ်သွားတိုက်ရမယ်၊ နံပါတ်နှစ် အသားလျှော့စားရမယ်၊ နံပါတ်သုံး အိပ်ရာဝင်ကာနီး သွားတိုက်တဲ့ အကျင့်ကို လုပ်ထားရမယ်"

ဟု ဘာဘာက ပြောလိုက်လျှင် ရာဇဝတ်အုပ်ကြီးသည် မျက်နှာ နီမြန်းသွားလေ၏။

"သွားကိုက်တာ ပြတာ မဟုတ်ဘူး ကွ၊ အမှုလိုက်စားတာ အံတိုနေပြီလို့ ပြောတာ"

ဟု ရာဇဝတ်အုပ်ကြီးက ပြောလေ၏။

"သြော် . . . အရိုးမကြည့်ဘဲစားရင် အံတိုတတ်တဲ့ သဘောရှိတယ်ဗျ၊ နောက်ဆိုရင် ဆင်ဆင်ခြင်ခြင်စားပေါ့ဗျာ၊ သွားဆိုတာ အဖိုးတန်တဲ့ သ

ဘောရှိတယ်၊ နည်းနည်းဆင်ခြင်ပေါ့ဗျာ၊ ဒီအရွယ်ဟာ ငယ်သွားလဲတဲ့ အရွယ်မဟုတ်တော့ဘူး၊ ပြန်ပေါက်ဖို့ မျှော်လင့်စရာမရှိတော့ဘူး"

ဟု ဘာဘာက ပြော လိုက်လေ၏။ သူနာပြုဆရာမလေးမှာ မူ ရယ်ချင်လွန်း၍ တခစ်ခစ်ရယ်နေလေ၏။ ဆရာဝန်ကြီးမှာ မူ မအောင့်နိုင်တော့ဘဲ တဝါးဝါး တဟားဟားနှင့် ရယ်လေတော့၏။ ရာဇဝတ်အုပ်မှာမူ မျက်နှာကြီးရှုံ့တွ၍ ဘာဘာအား စားတော့ ဝါးတော့မလိုကြည့်နေလေ၏။

"ဟေ့ကောင်၊ အမှုဖွင့်ရမယ်ကွ၊ ငါမေးတာ မြန်မြန်ဖြေစမ်းပါ"

ဟု ရာဇဝတ်အုပ်ကြီးက ပြော လိုက်လေ၏။

"ကျုပ်အတွက်တော့ အမှုမဖွင့်ပါနဲ့ ဗျာ၊ ကျုပ်ကို ရိုက်တဲ့ ကောင်ထောင်ကျတာက နောက်မှ ဗျ၊ ကျုပ်က ရုံးကို သွားနေရတဲ့ ဒုက္ခက အရင်တွေ့ရမယ်၊ ကျုပ်ကတော့ အမှုမဖွင့်ချင်ပါဘူး"

ဟု ဘာဘာက ပြော လိုက်လေ၏။

"မင်း မဖွင့်ချင်လို့ မရဘူးကွ၊ ဥပဒေက ရှိသေးတယ်၊ မင်းဟာမင်း ရုံးကျမှ ကျေအေးချင် ကျေအေးလိုက်"

ဟု ရာဇဝတ်အုပ်ကြီးက ပြောလေ၏။

"ရုံးကျမှ ကျေအေးမယ့်အတူတူ ခုကတည်းက ကျေအေးတယ်ဗျာ၊ ခင်ဗျားလည်း သက်သာ၊ ကျုပ်လည်း သက်သာ၊ တရားခံတွေလည်း သက်သာ၊ ရှေ့နေလည်း သက်သာ၊ တရားသူကြီးလည်း သက်သာ၊ အားလုံးသက်သာတယ်ဗျ၊ ခင်ဗျား ဘာဖြစ်လို့ ဒါကိုလုပ်ချင်ရတာတုန်း၊ သြော် . . . သိပြီ သိပြီ၊ အမှုဖွင့်ထားလိုက်မယ်၊ ပြီးတော့ ကျုပ်ကို ရိုက်တဲ့ ကောင်တွေကို တရားခံအဖြစ်နဲ့ ဖမ်းထားလိုက်မယ်၊ အဲဒီအခါမှာ ဒီကောင်တွေ

က အမှုကျေအေးချင်ပါတယ်လို့ ခင်ဗျားကိုပြောမယ်၊ အဲဒီတော့ ခင်ဗျား ကလည်း ငါ အမှုပြီးအောင်လုပ်ပေးမယ်၊ ငါ့ကို ဘယ်လောက်ပေးဆိုပြီး ဈေးစကားပြောပြီးမှ အမှုကိုကျေအေးစေချင်တယ်ပေါ့၊ အဲဒီလို ခင်ဗျား အတွက် အကျိုးရှိမယ်ဆိုရင် အမှုဖွင့်လိုက်ပေါ့ဗျာ"

ဟု ဘာဘာက ပြောလိုက်ရာ ရာဇဝတ်အုပ်ကြီးသည် ထိုင်နေရာမှ ဝုန်းခနဲထပြီးလျှင် . . .

"မင်းကို ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းလိုက်တယ်"

ဟု ပြောလိုက်သည်။

"အမှန်က ခင်ဗျားကို ဖမ်းရမှာ ဗျ၊ ကျုပ်ဟာကျုပ် ဆေးရုံပေါ်မှာ နေတာကို ခင်ဗျားက လာနှောင့်ယှက်တာဗျ၊ မဟုတ်ဘူး လား၊ ဒေါက်တာရယ်"

ဟု ဘာဘာက ဆရာဝန်ကြီးကိုပါ ပြောလိုက်၏။ ထိုအခါ ဆရာဝန်ကြီးက

"ဒီမှာ ဟေ့ကောင်၊ ဒါ အစိုးရဆေးရုံကွ၊ အခုလိုရာဇဝတ်မှုကြောင့်ဖြစ်နေတဲ့ ဒဏ်ရာမျိုးကို ငါတို့ အနေနဲ့ ပုလိပ်ဘက်က ခွင့်ပြုချက်မရဘဲ မကုရဘူးကွ"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဘာဘာက . . .

"ခင်ဗျားက ဆေးဆရာပဲဗျာ၊ ပုလိပ်အမိန့်ကိုနာခံပြီးမှ ဆေးကုရမှာပဲလား"

ဟု ပြောလိုက်လျှင် ရာဇဝတ်အုပ်ကြီးက . . .

"မင်း ဘာမှ လဲမသိဘဲနဲ့ လျှောက်ပြောနေတဲ့ ကောင်၊ ဒီဒေါက်တာ

ရေးတဲ့ ဆေးစာပေါ်မှာ ကြည့်ပြီး ပုဒ်မတပ်ရမှာ ကွ"

ဟု ပြော လိုက်လေ၏။

"ဩော် . . . ဒီလိုလား၊ ခင်ဗျားက ပုလိပ်အရာရှိပဲ၊ ပုဒ်မတပ်ဖို့ ကိစ္စမှာ ဆရာဝန်ရဲ့ အမိန့်နာခံရသေးလား၊ ကိုယ့်ဟာကိုယ် လုပ်လိုက်စ မ ်းပ ါဗ ျာ၊ ခင်ဗျားတို့ ဟာက တစ်ယောက်ကိုတစ်ယောက် အမိန့်နာခံနေကြရသတဲ့ လား၊ အလုပ်ရှုပ်တာပါဗျာ၊ အဲဒီတော့ဗျာ၊ အားလုံးစိတ်ချမ်းသာအောင် ပြောပ့ါမယ်၊ ကျုပ်နာမည်က ဘာဘာ၊ လူမျိုးက မြန်မာ၊ အဖေအမေနာမည် မမေးပါနဲ့ ၊ ကျုပ်လုံးဝ မမှတ်မိဘူး၊ ကျုပ်မှာ အိမ်လည်း မရှိဘူး၊ ဘာအလုပ်လုပ်လဲ မမေးနဲ့ ၊ ကျုပ်က ဘာမှ ပီပီပြင်ပြင်မရှိဘူး၊ ကြိုက်သလိုသာ ရေးထည့်ပေတော့၊ တချို့ဟာတွေက ခင်ဗျားတို့ ကို မပြောချင်လို့ မဟုတ်ဘူး ၊ ကျုပ်ကိုယ်တိုင် မမှတ်မိဘူးဗျ၊ အဲဒီတော့ အဖေနာမည်လည်း ကြိုက်တာရေးထည့်၊ နေရပ်လိပ်စာလည်း ကြိုက်တာရေးထည့်ပေ့ါဗျာ၊ ကျုပ်သဘောတူပါတယ်၊ ဘယ်လိုရေးထားသလဲဆိုတာကိုတော့ ကျုပ်ကိုပြောပြပေ့ါ၊ ဒါမှ ရုံးမှာ ခင်ဗျားတို့နဲ့ ကျုပ် ထွက်ဆိုတာ တူမှာ ၊ အလုပ်အကိုင်လည်း ကြိုက်တာရေးထည့်ပေ့ါဗျာ၊ တစ်ခုတော့ရှိတယ်၊ ဘုရင်ခံလို့ တော့ ရေးမထည့်နဲ့ နော်၊ လူတွေယုံမှာ မဟုတ်ဘူး ၊ နောက်တစ်ခုက ကျုပ်ရဲ့ အလုပ်အကိုင်မှာ ငွေတိုးချေးစားတဲ့ လူ ဖြစ်အောင်တော့ မရေးပါနဲ့ ၊ အဲဒီအလုပ်ကို ကျုပ်သဘောမကျပါဘူး၊ ကျန်တာကတော့ သူခိုးပဲရေးရေး၊ ဓားပြပဲရေးရေး၊ ကြိုက်တာရေး၊ ကျုပ်သဘောတူတယ်"

ဟု ဘာဘာက ပြောလိုက်ရာ ရာဇဝတ်အုပ်ကြီးက . . .

"ဟေ့ . . . မင်း ရူးများ နေသလားကွာ"

ဟု မေးလိုက်၏။ ထိုအခါ ဘာဘာက . . .

"အဲဒါကတော့ ဆရာဝန်ကြီးနဲ့ မေးပါဗျ၊ သူ ဆုံးဖြတ်ပေးပါလိမ့်မယ်
"

ဟု ပြောလိုက်ရာ ရာဇဝတ်အုပ်ကြီးသည် ယင်း၏ မှတ်စုဩ ရေးမှတ်လေ၏။

"မင်း သေချာမှတ်ထားနော်၊ မင်းအဖေနာမည် ဦးဖြူ၊ အမေနာမည် ဒေါ်မဲ"

ဟု ရာဇဝတ်အုပ်ကြီးက ပြောလိုက်ရာ ဘာဘာက ရယ်လေ၏။

"အဖြူနဲ့ အမဲ စပ်ရင်တော့ ကျုပ်ဟာ မီးခိုးရောင်ဖြစ်ဖို့ ရှိတော့တယ် ရာဇဝတ်အုပ်ကြီးရယ်၊ ခင်ဗျားဟာကြီးက သဘာဝမကျပါဘူးဗျာ၊ လုပ်ထားတာကြီးမှန်း လူသိပါတယ်"

ဟု ပြောပြီးလျှင် ဘာဘာသည် မျက်နှာကို မော့ပြီးလျှင် တစ်စုံတစ်ခုကို စဉ်းစားလိုက်၏။ ထို့နောက် သူနာပြုဆရာမလေးဘက်သို့ လှည့်ကာ
. . .

"ဆရာမလေး နာမည် ဘယ်လိုခေါ်သလဲ"

ဟု မေး လိုက်လေ၏။

"ကျွန်မနာမည် မမြသွေးလို့ ခေါ်ပါတယ်"

ဟု သူနာပြုဆရာမလေးက ပြန်၍ ဖြေလျှင် ဘာဘာက . . .

"ရာဇဝတ်အုပ်ကြီး၊ ကျုပ်အမေနာမည် ဒေါ်မြသွေးလို့ ထည့်လိုက်ဗျာ
၊ ကျုပ်အဖေနာမည်ကိုတော့ ဒေါ်မြသွေးနဲ့ ထိုက်တန်တဲ့ ခင်ပွန်းသည် တစ်ယောက်ကိုရွေးရမယ်ဗျ၊ ဆရာမလေးက ကြင်နာတတ်တယ်၊ ဒါကြောင့် ကျုပ်အဖေနာမည်ကို ဦးကြင်နာလို့ ပေးရင်ကောင်းမယ်၊ ဒါ

လည်း မကောင်းသေးပါဘူး၊ ကျုပ်ကို တရုတ်ကပြားလို့ ထင်နေကြဦးမယ်၊ ဒီလိုလုပ်ဗျာ၊ ကျုပ်အဖေနာမည် ဦးကောင်းလို့ ထည့်လိုက်၊ ဦးကောင်း ဒေါ်မြသွေးတို့ ရဲ့ သားဦး မောင်ဘာဘာပေ့ါဗျာ"

ဟု ပြောလိုက်ရာ သူနာပြုဆရာမလေး၏ မျက်နှာသည် နီမြန်းသွားလေ၏။ ဆရာဝန်ကြီးကမူ . . .

"သိပ်ကောင်း . . . အလွန်ကောင်းတယ်ကွာ၊ အတော့်ကို သဘာဝကျတာပဲဟေ့" ဟု ပြော လိုက်လေ၏။

ရာဇဝတ်အုပ်ကြီးကလည်း သူ၏ မှတ်စု၌ ဘာဘာပြောသည့်အတိုင်း လိုက်၍ ရေးထား လိုက်လေ၏။ ထို့နောက် ရာဇဝတ်အုပ်ကြီးသည် ပြန်သွားလေတော့၏။ ဒေါက်တာကြီးပါလိုက်၍ ထွက်သွားလေ၏။ ဆရာမလေးကမူ ဘာဘာအား . . .

"ရှင်ဘယ်လိုလူလဲ"ဟု မေး လိုက်လေ၏။

"ဟုတ်ပါရဲ့ ၊ ကျုပ် ဘယ်လိုလူပါလိမ့်၊ ပြောစမ်းပါဦး ဆရာမလေးရဲ့ ၊ သိရင်လည်း ပြောစမ်းပါဦး"

ဟု ဆိုလေ၏။

"ရှင် ဘာဖြစ်လို့ ကျွန်မနာမည်ကို ရှင့်အမေနာမည် လုပ်ပစ်ရတာတုန်း"

ဟု ဆရာမလေးက မေး လိုက်လေ၏။

"လေးစားလို့ ပေ့ါဗျာ၊ ကြည်ညိုလို့ ပေ့ါဗျာ၊ ရိုသေလို့ ပေ့ါဗျာ၊ အဲဒီအတွက်တော့ ဆရာမလေးက ကျုပ်အပေါ်စိတ်ဆိုးစရာမရှိပါဘူး၊ ကျုပ်က အမေလို့ ခေါ်လိုက်တာနဲ့ ဆရာမလေးက ကျုပ်အဖေရဲ့ မိန်းမလို့ မယူဆနဲ့ လေ၊ ကျုပ်ခေါ်တဲ့ အမေက "မိခင်" သဘောကို ပြောတာ၊ မိခင်ရဲ့ ဓာ

တ်၊ မိခင်ရဲ့ သဘာဝတွေကို ပြောတာပေ့ါ၊ တချို့က သူတို့ ယုံကြည်တဲ့ နတ်သမီးတွေကို အမေ တပ်ခေါ်တယ် မဟုတ်လား၊ အဲဒီလို အမေ တပ်ခေါ်တာနဲ့ အဲဒီ နတ်သမီးတွေဟာ သူတို့ အဖေရဲ့ မိန်းမဖြစ်သွားတာ မဟုတ်ဘူး ၊ မိခင်ရဲ့ ဓာတ်ကို ပြောတာ၊ ဒီကမ္ဘာလောကကြီးမှာ မိခင်ဓာတ်ဟာ အကြီးမားဆုံးပဲ ဆရာမလေး၊ ဒီလောကကြီးဖြစ်လာတာကိုက မိခင်ဓာတ်ကြောင့်ဖြစ်ပေါ်လာတာ၊ (Primative Mother) မူလ မိခင်သဘာဝ ခ ၁တ ံရု ိမ ၊ ပေါက်ဖွားလို့ ရတယ်၊ ကြီးမားတဲ့ မဟာသမဓာတ်ကြီးပေ့ါဗျာ၊ မာတုဂါမဆိုတဲ့ စကားဟာ အဲဒီစကားပဲ၊ "မာတု" ဆိုတာ မိခင်၊ "ဂါမ" ဆိုတာ လမ်းပဲ၊ အဲဒီတော့ "မာတုဂါမ" ဆိုတ ၁ မိခင်တို့ ရဲ့ သွားရာလမ်းကို သွားနေတဲ့ သူလို့ အဓိပ္ပာယ်ရတာပေ့ါဗျာ၊ ဒီလောကကြီးမှာ အဲဒီမိခင်နဲ့ တူတဲ့ အမဓာတ်ကြီး မရှိရင် ဘာမှ ဖြစ်ပေါ်စရာအကြောင်း မရှိဘူး၊ အဖိုဓာတ်ဆိုတာ ဧည့်သည် ဓာတ်ဗျ၊ အမဓာတ်ဆိုတာ အိမ်ရှင်ဓာတ်၊ ဒါတွေကို ဆရာမလေးကို ပြောပြရတာ ပျင်းစရာကောင်းပါတယ်၊ ကျုပ် ဆရာမလေးကိုလေးစားတယ်၊ ကြည်ညိုတယ်၊ ရိုသေတယ်၊ ဒီထက်ပိုပြောရရင် မြတ်နိုးတယ်ပေ့ါဗျာ"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေး၏ မျက်နှာသည် ရွှင်လန်းသည် လည်း မဟုတ်၊ ငေးငိုင်သည် လည်း မဟုတ်၊ ပကတိငြိမ်နေ၏။ ထို့နောက်မှ

"ခြောက်နာရီထိုးပြီ၊ ကျွန်မ အော့ဖ်"

ဟု ဆိုကာ ဆရာမလေးသည် သူ၏ ပစ္စည်းအချို့ကို သိမ်းလေ၏။

"ဆရာမလေးရယ်၊ နာရီလက်တံတစ်ခုက ခြောက်ဂဏန်း၊ အခြားလက်တံတစ်ခုက ဆယ့်နှစ်ဂဏန်းပြတာနဲ့ ကျွန်တော့်ကို တစ်ယောက်တ

ည်းထားပစ်ခဲ့တော့မှာ လား၊ အဲဒီလိုဆိုရင် ကျွန်တော်ဟာ ခြောက်ဂဏန်းနဲ့ ဆယ့်နှစ်ဂဏန်းတွေကို မုန်းရတော့မလား"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေးက ပြုံး လိုက်လေ၏။

"ဆရာမလေး ပြုံးတာ သိပ်ကြည့်လို့ ကောင်းတာပဲ၊ ဆရာမလေးရဲ့ သွားလေးတွေကလည်း ညီလိုက်တာ၊ သေနတ် ကျည်ဆန်လေးတွေ ထောင်ထားတဲ့ အတိုင်းပဲနော်"

ဟု ပြောလိုက်ရာ ဆရာမလေးက . . .

"ရှင်ဟာ တော်တော် ရယ်ဖို့ ကောင်းတဲ့ လူပဲနော်"

ဟု ပြန်၍ ပြောလေ၏။

"ကျေးဇူးတင်ပါတယ် ဆရာမလေး၊ ဩော် . . . ဒါနဲ့ ဆရာမလေး ဘယ်တော့ဂျူတီပြန်ဝင်လာဦးမလဲ"

ဟု ဘာဘာက မေးလိုက်ရာ ဆရာမလေးက . . .

"ညနေ ခြောက်နာရီ"

ဟု ပြောလေ၏။

"ဩော် . . . နာရီလက်တံတစ်ခုက ခြောက်ဂဏန်းကို ရောက်၊ အခြားလက်တံတစ်ခုက ဆယ့်နှစ်ဂဏန်းရောက်တဲ့ အခါမှာ ဆရာမလေး ကျွန်တော့်ဆီကိုပြန်လာမယ်ဆိုတော့ ကျွန်တော် ခြောက်ဂဏန်းနဲ့ ဆယ့်နှစ်ဂဏန်းကို ချစ်ရဦးတော့မှာ ပေါ့၊ သံသရာလည်တယ်ဆိုတာ ဒါပဲနဲ့ တူပါရဲ့နော်"

ဟု ဘာဘာက ပြော လိုက်လေ၏။

ဆရာမလေးသည် လက်ဆွဲခြင်းကလေးကို ဆွဲ၍ ဘာဘာအား နှုတ်

ဆက်ကာထွက်သွားလေ၏။အခန်းဝသို့ရောက်သောအခါ ရပ်သည် ဆိုရုံကလေးရပ်၍ ဘာဘာအား လှည့်ကြည့် လိုက်လေ၏။ ထိုအခါ ဘာဘာက . . .

"ကျွန်တော်နဲ့ ကွဲကွာနေစဉ် ဆယ့်နှစ်နာရီအတွင်းမှာ ကျွန်တော်၏ မိခင် ဆရာမလေး စိတ်ချမ်းသာပါစေသတည်း၊ ကြောင့်ကြခပ်သိမ်း ကင်းပါစေသတည်း၊ နှစ်ခြိုက်စွာ အိပ်စက်အနားယူနိုင်ပါစေသတည်း"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေးက ပြုံး၍ ထွက်သွားလေ၏။

ဘာဘာသည် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေ၏။ ထိုအခါ ခုတင်ပေါ်မှ ထ၍ ပြတင်းပေါက်မှ မြင်နေရသော တရုတ်စကားပင် စိမ်းစိမ်းကြီးကို ကြည့် လိုက်လေ၏။ ထို တရုတ်စကားပင်ကြီးအောက်၌လည်း ရှင်းလင်း၍ သန့်နေ၏။ သို့ရာတွင် စကားပွင့်ဖြူဖြူလေးတို့ မှာ ဟိုမှ သည် မှ ပြန့်ကျဲနေ၏။ ဘာဘာသည် တရုတ်စကားပင်ကြီးကို ငေးကြည့်နေ၏။ မည်မျှကြာကြာငေးကြည့်နေသည် မသိ။ သူ၏ နောက်မှ တစ်စုံတစ်ယောက်သောသူက . . .

"ပေးရှင့်၊ ခုတင်မှာ ပြန်နေပါ"

ဟု ပြော လိုက်လေ၏။ သို့ရာတွင် ဘာဘာက လှည့်၍ မျှပင်မကြည့်ပေ။ ထိုအခါ အသံသည် အနည်းငယ်မာ၍ ထွက်ပေါ်လာပြန်၏။

ထိုအခါ ဘာဘာသည် ခေါင်းကို တဖြည်းဖြည်းလှည့်၍ ကြည့် လိုက်လေ ၏။ သူနာပြုဆရာမထောင်ထောင်မောင်းမောင်းကြီးတစ်ဦးသည် ခါးကိုထောက်၍ ယင်းအား စားတော့ဝါးတော့မည်ကဲ့သို့ ကြည့်နေလေ၏။ ထို့ကြောင့် ဘာဘာက . . .

"ခင်ဗျား ဘယ်သူ့ကို ခေါ်နေတာလဲ"

ဟု မေးလိုက်ရာ သူနာပြုဆရာမက

"ရှင့်ကို ခေါ်နေတာ"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဘာဘာက . . .

"ကျုပ်နာမည် "ပေးရှင့်" မှ မဟုတ်ဘဲ၊ ကျုပ်နာမည် ဘာဘာ"

ဟု ပြော လိုက်လေ၏။

"ပေးရှင့်ဆိုတာ လူနာကို ပြောတာရှင့်၊ ရှင် လူနာ မဟုတ်ဘူး လား"

ဟု သူနာပြုဆရာမကြီးက ပြော လိုက်လေ၏။

"ဆရာမ၊ ခင်ဗျားမှားနေပြီ၊ ကျုပ် လူနာ မဟုတ်ဘူး ၊ ကျုပ်တစ်ခါမှ မနာဖူးဘူး၊ လူဖြစ်ရတာ နာတယ်လို့ ကျုပ် မထင်ခဲ့ဘူး၊ ကျုပ် အခု ဆေးရုံရောက်လာရတာလည်း လူနာဖြစ်လို့ ရောက်လာတာ မဟုတ်ဘူး ၊ သူများ ရိုက်လို့ ရောက်လာတာ၊ ပြီးတော့ ကျုပ်မနာဘူး၊ သတိလစ်နေတာ၊ ကဲ ခင်ဗျား ဘာပြောဦးမလို့ လဲ"

ဟု ဘာဘာက ပြန်၍ ပြော လိုက်လေ၏။

ထိုအခါ သူနာပြုဆရာမက . . .

"ရှင် ဘာတွေ ပြောနေတာလဲ၊ ဆေးရုံလာတက်ရင် လူနာပဲ၊ ခုတင်ပေါ်မှာ လာနေပါ"

ဟု အမိန့်ပေး လိုက်လေ၏။ ထိုအခါ ဘာဘာက . . .

"အမေတို့ နဲ့ များ တော့ ကွာတယ်ကွာ"

ဟု ရေရွတ် လိုက်လေ၏။ ထို့နောက် ထောင်ထောင်မောင်းမောင်း

ဆရာမသည် . . .

"ပါးစပ်ဟ . . ."

ဟု ဆိုကာ ဘာဘာ၏ ပါးစပ်တွင်းသို့ ပြဒါးတိုင်းကို ထည့်၍ တိုင်းလေ၏။ပြီးလျှင် ရေးမှတ်လေ၏။ ထို့နောက် . . .

"ရော့ . . . ဒါသောက်"

ဟု ဆိုကာ ဆေးနှစ်ပြားကို သောက်ခိုင်းလေ၏။ ဘာဘာကလည်း ဆေးနှစ်ပြားကို ကောက်၍ မျို လိုက်လေ၏။ ပြီးလျှင် ထိုဆရာမသည် ထွက်သွားလေ၏။ ထိုဆရာမထွက်သွားသောအခါ၌ ဘာဘာက . . .

"အင်း . . . အခုမှ ပဲ စိတ်ချမ်းသာတော့တယ်၊ ဘယ်လိုဟာကြီးမှန်းလဲ မသိဘူး၊ မျက်နှာကြောတင်းလိုက်တာကလည်း လွန်ပါရော"

ဟု ရေရွတ် လိုက်လေ၏။ ထမင်းစားချိန်သို့ ရောက်သောအခါ၌ မူ ထိုဆရာမသည် ရောက် လာပြီးလျှင် ထမင်းပန်းကန်ကို ဘာဘာ၏ ခေါင်းရင်းဗီရိုပုလေးပေါ်တင်ကာ . . .

"စား . . ."

ဟု ပြောလေ၏။ ထိုအခါ ဘာဘာက . . .

"ဆရာမ အဲဒါကို ကျွန်တော် မစားရင် မရဘူးလား၊ ကျွန်တော့်ပါးစပ်က စားချင်စိတ်မရှိဘူး၊ ဖြစ်နိုင်ရင်ပေါ့လေ၊ ပေါင်မုန့်မီးကင်လေးရယ်၊ ကြက်ဥဟတ်ဘွိုင်လေးရယ်၊ ကော်ဖီခါးခါးလေးတစ်ခွက်ရယ် သောက်ချင်တာပေါ့ဗျာ"

ဟု ပြောလိုက်ရာ ဆရာမက မျက်ထောက်နီကြီးဖြင့် . . .

"ဒါ ဟိုတယ် မဟုတ်ဘူး ၊ ဆေးရုံရှင့်၊ ရှင် စားချင်တာတွေ လာပြီးမ

ပြောပါနဲ့၊ ကျွန်မက ရှင့်ရဲ့ စားပွဲထိုး မဟုတ်ဘူး "

ဟု ပြော လိုက်လေ၏။

ဘာဘာသည် တစ်နေ့လုံးလိုလို စိတ်ညစ်နေရ၏။ ခေါင်းသည်လည်း မူးဝေ လာပြီးလျှင် အန်လေတော့၏။ ထိုအခါ ဆရာမက "စောင်း " ဟု ဆိုကာ ဆေးတစ်လုံးထိုးပေးသွားလေ၏။ ထိုဆေးကြောင့် ဘာဘာသည် နာရီအတော်ကြာ အိပ်ပျော်ခဲ့လေ၏။ အိပ်ရာမှ နိုးသောအခါ၌ ခုတင်ပေါ်တွင် ငူငူကြီးထိုင်၍ နေလေ၏။

ဤသို့နှင့်ပင် ညနေပိုင်းသို့ ရောက်သွားလေ၏။ ဘာဘာသည် တရုတ်စကားပင်ကြီးအား လှမ်းမျှော်၍ ငေးနေလေ၏။ စာကလေးများ သည် အိပ်တန်းတက်ရန် တကျွိကျွိနှင့် ရောက်လာပြန်၏။ ဘာဘာသည် ထိုစာကလေးများကို ကြည့်၍ . . .

"သူတို့ ပျော်နေကြသလား၊ သူတို့ ကို ကြည့်ရတာပျော်စရာကြီး၊ ဘာဖြစ်လို့ ပျော်နေကြတာတုန်း၊ ငါကတော့ သူတို့လို ဘာဖြစ်လို့ မပျော်နိုင်တာလဲ"

ဟု တွေးနေမိလေ၏။ ထိုအချိန်မှာ ပင် . . .

"ဩော် . . . တစ်ယောက်တည်း ပျင်းနေပြီလား"

ဟူသော မမြသွေး၏ ချိုသာသောအသံကို ကြားရသဖြင့် ဘာဘာသည် အသံလာရာဆီသို့ လှည့်၍ ကြည့် လိုက်လေ၏။ မမြသွေးက ပြုံး၍ ပြလိုက်လေ၏။ မမြသွေး၏ အပြုံးသည် နှစ်လိုဖွယ်ရာ ကောင်းလှတော့၏ ။

"အမေ . . . ပြန် လာပြီ"

ဟု ဘာဘာက ပြောလိုက်ရာ မမြသွေးက ရယ်လေ၏။ ပြီးလျှင် သူမ

၏ ခြင်းကလေးကို အနီးရှိ စားပွဲပေါ်၌ ချလိုက်ပြီးလျှင် ခုတင်ခြေရင်းမှ ရောဂါအခြေပြကတ်ပြားကို ဖြုတ်ယူကြည့်ရှုလိုက်ပြီးနောက် . . .

"အန်တယ် ဟုတ်လား၊ အန်တယ်ဆိုရင် ရောဂါမသက်သာဘူး၊ ခေါင်းမှာ ဒဏ်ရာရတဲ့ သူအဖို့ အန်ရင် ဆေးရုံက ပေးမဆင်းနိုင်ဘူး"

ဟု ပြောလိုက်ရာ ဘာဘာက . . .

"ကျုပ်ကလည်း ဆေးရုံကဆင်းချင်တယ်လို့ မပြောသေးပါလား ဆရာမလေးရယ်၊ ဆရာဝန်ကြီးလာရင်မေးကြည့်စမ်းပါ၊ ကျုပ် ဆေးရုံမှာ အမြဲနေချင်တယ်၊ ရမလားလို့ "

ဟု ဘာဘာက ပြောလိုက်ရာ မမြသွေးက ပြုံးလေ၏။ ထို့နောက် မမြသွေးက . . .

"ဘာမှ မစားဘူးဆို" ဟု မေးလိုက်ရာ ဘာဘာက . . .

"ဟုတ်တယ်ဗျ၊ ကျုပ် တစ်နေ့လုံး ဘာမှ မစားခဲ့ဘူး"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ မမြသွေးက . . .

"ဒီလိုဆိုရင် ပေါင်မုန့်မီးကင်လေးရယ်၊ ကြက်ဥဟတ်ဘွိုင်လေးရယ်၊ ကော်ဖီခါးခါးလေးရယ် မသောက်ချင်ဘူးလား"

ဟု မေး လိုက်လေ၏။

"ဒါကြောင့် ကျုပ်ပြောတာပေ့ါ၊ ခင်ဗျားဟာ အမေ၊ အမေဆိုတာ သားရဲ့ ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိတယ်၊ ကျုပ်လေ မနက်ခြောက်နာရီထိုးပြီးကတည်းက ငရဲပြည်ကိုရောက်သွားတယ်၊ ကျုပ် တစ်နေကုန် နှိပ်စက်ညှဉ်းပန်းခံနေရတယ်၊ ဟော . . . အခု ညဘက်ရောက်လာပြီ၊ ကျုပ် ဝေဒနာတွေမရှိတော့ဘူး၊ စိတ်ချမ်းသာလိုက်တာလည်း လွ

န်ရော၊ ညစံပြီး နေခံရတယ်ဆိုတဲ့ လူတွေပြောနေတဲ့ အသူရကာယ်ဘုံ ဆိုတာ ဒါပဲနေမှာ ပဲဗျ၊ ဒါကြောင့် ကျုပ်တော့ စိတ်ကူးထားတယ်၊ တစ်ညလုံး ကျုပ် မအိပ်ရဘူး၊ စံရမယ့်အချိန်မှာ အိပ်နေမယ်ဆိုရင် နာတာပေါ့ဗျာ၊ အဲ . . . ခံရမယ့်အချိန်ဆိုရင် အိပ်တော့မယ်၊ မနက်ခြောက်နာရီ ထိုးလို့ ဆရာမလေး "အော့ဖ်" ဆိုတာနဲ့ အိပ်ရာဝင်ပြီမှတ်တော့၊ မေ့လျော့ခြင်းမှာ ပုန်းအောင်းလိုက်မယ်၊ မကောင်းဘူးလား၊ ဆရာမလေး ဂျူတီပြန်ဝင်မှ ကျုပ်အိပ်ရာကထမယ်၊ ကျုပ်နဲ့ ဟို ဆရာမနဲ့ ကတော့ အပေါက်အလမ်းမတည့်ဘူးဗျာ"

ဟု ပြောလိုက်ရာ ဆရာမလေး မမြသွေးက ပြုံးလေ၏။ ပြီးလျှင် . . .

"အဲဒီဆရာမရော ရှင့်အမေ မဟုတ်ဘူး လား"

ဟု မေးလိုက်ရာ ဘာဘာက . . .

"လုံးဝ မဟုတ်ဘူး ၊ သူဟာ မိန်းမတစ်ယောက်ဖြစ်တယ်၊ ကြင်နာမှု ခေါင်းပါးတယ်၊ ဆက်ဆံရေးတွေ သိပ်ကျဲတယ်၊ သူက အမေဆိုရင်လည်း အမေအရင်း မဟုတ်ဘူး ဗျ၊ မိထွေးဖြစ်လိမ့်မယ်၊ မိထွေးဆိုတဲ့ စကားတောင် သူနဲ့ မထိုက်တန်ဘူး၊ တချို့ မိထွေးတွေဟာ အမေတွေလိုပဲ၊ ဒါကြောင့် သူ့ကို မိထွေးလို့ တောင် မပြောချင်ဘူး၊ သူဟာ အသူရကာယ်ဘုံသားကို နှိပ်စက်ဖို့ တာဝန်ကျနေတဲ့ အသူရကာယ်မ တစ်ဦးပဲဗျ"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေး မမြသွေးသည် တခစ်ခစ်ရယ်လေတော့၏။ ထိုအချိန်မှာ ပင် အလှည့်ကျဆရာဝန်တစ်ဦးရောက်လာပြီးလျှင် ဘာဘာအား မျက်လုံးဖြကြည့်၏။ လျှာထုတ်ခိုင်း၏။ ပြီးလျှင် နားကြပ်ဖြင့်ထောက်၏။ ထို့နောက် ခုတင်ခြေရင်းမှာ ကတ်ပြားတွင် ရေးမှတ်၍ ထွက်သွားလေတော့၏။ ထိုအခါ ဘာဘာသည်

ကတ်ပြားကိုဖြုတ်၍ စောစောက ဆရာဝန်ရေးသွားသောစာများကို ဖတ်ကြည့်၏။ ပြီးလျှင် . . .

"လူတွေကို တော်တော် ပမာမခန့်လုပ်တဲ့ ဆရာဝန်ပဲ၊ ဟောဒီမှာ ကြည့်စမ်းပါဦး၊ ဆရာမလေးရယ်၊ သူရေးသွားတဲ့ လက်ရေးကလည်း သော့လ ိုက ်တ ၁ ဖတ်လို့ တောင်မရဘူး၊ လက်ရေးသော့တာဟာ ဘဝင်မြင့်ခြင်းတစ်မျိုးပဲဗျ၊ ငါ ရေးချင်သလိုရေးမယ်၊ ဖတ်တဲ့ လူက ရအောင် ဖတ်ပေတော့ ဆိုတဲ့ သဘောပေါ့ဗျာ၊ ကျုပ် သူ့ကို မေးချင်ပါတယ်၊ သူ ရည်းစားစာရေးတဲ့ အခါတုန်းက ဒီလက်ရေးမျိုးနဲ့ ရေးသလား၊ အလုပ်လျှောက်လွှာရေးတဲ့ အခါတုန်းက ဒီလက်ရေးမျိုးနဲ့ ရေးသလား၊ ဝေးပါသေးတယ်၊ ဒီလို လက်ရေးမျိုးနဲ့ ရေးမှာ မဟုတ်ဘူး ၊ မလှ လှအောင် ရေးမှာ "

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေး မမြသွေးက . . .

"ရှင်ဟာ ကတ်သီးကတ်သတ်တွေးတတ်တယ်နော်၊ ကဲ . . . နေဦး၊ ကျွန်မ ပေါင်မုန့်မီးသွားကင်မယ်၊ ကြက်ဥ သွားပြုတ်မယ်၊ ကော်ဖီကတော့ ဒီကျမှ ဖျော်မယ်"

ဟု ပြော၍ ထွက်သွားလေတော့၏။ ထိုအခါ ဘာဘာက . . .

"ဘယ်လောက်ကြာမလဲ ဆရာမလေး"

ဟု မေးလိုက်ရာ ဆရာမလေး မမြသွေးက . . .

"ဖစ်ဖတင်း မိနစ်" ဟု ပြန်၍ ပြော လိုက်လေ၏။

"ကျွန်ုပ်နှင့် ကွဲကွာနေစဉ် ဖစ်ဖတင်း မိနစ် အတွင်း၌ ဆရာမလေး စိတ်ချမ်းသာပါစေသတည်း၊ ဘေးရန်ခပ်သိမ်းကင်းပါစေသတည်း၊ ကြောင့်ကြခပ်သိမ်း ကင်းပါစေသတည်း"

ဟု ပြောလိုက်ရာ ဆရာမလေးသည် နှစ်လိုဖွယ်ရာ ပြုံး၍ ထွက်သွားလေတော့၏။ တအောင့်မျှကြာလျှင် လင်ပန်းကလေးကို ကိုင်၍ ပြန် လာလေ၏။ ထိုလင်ပန်းပေါ်၌ ကား ပေါင်မုန့်မီးကင်နှစ်ချပ်ကို ကြက်ဥဟတ်ဘွိုင်နှင့် ဆား အနည်းငယ်ပါလာ၏။ ဆရာမလေးသည် အခန်းတွင်းသို့ ရောက်သောအခါ၌ ကော်ဖီဖျော်လေ၏။ ထို့နောက် ဘာဘာ၏ ပေါင်ပေါ်သို့ လက်သုတ်ပဝါလေးကိုခင်းကာ ဘာဘာအား ပေါင်မုန့်၊ ကြက်ဥ၊ ကော်ဖီတို့ ကို လင်ပန်းနှင့်ထည့်၍ ပေး လိုက်လေ၏။

"စားလို့ ကောင်းလိုက်တာ ဆရာမလေးရယ်၊ ဟို အသူရကာယ်မကြီးကတော့ ကျုပ်ကို မကျွေးပါဘူးဗျာ၊ ဒါ ဆေးရုံက ပစ္စည်းတွေပဲ မဟုတ်လား၊ သူ့အိတ်ထဲက စိုက်ပြီးကျွေးရမှာ မို့ မကျွေးရင်လည်း ထားပါတော့၊ ဆေးရုံက ပစ္စည်းတွေပဲကျွေးရမှာ တောင် တွန့်တိုလိုက်တာဗျာ၊ အဲဒီဟာမကြီးကတော့ ဘာဘာတို့လို လင်ကောင်းသားကောင်း ရမှာ မဟုတ်ပါဘူး"

ဟု ဘာဘာက ပြောလိုက်လျှင် ဆရာမလေးပြုံးလိုက်ပြီးလျှင် . . .

"ကဲ . . . ဝပြီလား၊ ဘာလိုသေးသလဲ" ဟု မေး လိုက်လေ၏။

"အခုလို စားသောက်ဖွယ်တွေ စားပြီးတဲ့ အခါမှာ စီးကရက်လေးတစ်လိပ်လောက်သောက်ချင်တာပေါ့ဗျာ၊ ဒါကလည်း ဖြစ်နိုင်ရင်ပြောတာပါ၊ မဖြစ်နိုင်ရင်လည်း ဘယ်တတ်နိုင်မလဲဗျာ"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေးသည် အပြင်သို့ထွက်သွားလေ၏။ ထို့နောက် မြင်းစီးရုပ်တံဆိပ်ပါသော ပိုလိုစီးကရက်တစ်ဘူး၊ သစ်သားမီးခြစ်တစ်လုံးနှင့်အတူ ပြန်လည်ရောက်ရှိ လာလေ၏။ ထို့နောက် ဘာဘာအား စီးကရက်ဘူးနှင့် မီးခြစ်အားပေးလိုက်ရာ ဘာဘာသည် စီးကရက်ကောက်၍ ဖွာရင်း . . .

"အရသာရှိလိုက်တာ၊ ဟိုအသူရကာယ်မကြီးဆိုရင် စီးကရက်ပေးမှ မဟုတ်ဘူး ၊ ဒါ ဆေးရုံက ပစ္စည်းတွေ မဟုတ်လား"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဆရာမလေးက . . .

"ဆေးရုံပစ္စည်းတွေ ဘာတွေ လုပ်မနေနဲ့ ၊ ဆရာဝန်ကြီးရှေ့တော့ မသောက်နဲ့ နော်"

ဟု ဆူ လိုက်လေ၏။ ထိုအချိန်၌ မှာ ပင် round လှည့်လာသော ကုလားဆရာဝန်ကြီးတစ်ဦးသည် ဘာဘာအနီးသို့ ရောက် လာပြီးလျှင် . . .

"အို . . . ပေးရှင့်ကို ဘာဖြစ်လို့ ဆေးလိပ်သောက်ခွင့် ပေးထားတာလဲ ဆရာမ"

ဟု ပြောလေ၏။ ထို့နောက် ထိုကုလားဆရာဝန်ကြီးက . . .

"ဒီမှာ ခင်ဗျား ဆေးလိပ်သောက်ခွင့်မရှိဘူး၊ ပြီးတော့ ခင်ဗျား မြဲမြဲမှတ်ထား၊ ဆေးလိပ်သောက်တာဟာ ကျန်းမာရေးကို ပျက်စီးစေတယ်၊ အသက်ကို တိုစေတယ်"

ဟု ပြောလိုက်ရာ ဘာဘာက . . .

"ဆေးလိပ်သောက်လို့ အသက်တိုတယ်ဆိုတာကလည်း တစ်သက်လုံးသောက်မှ ငါးရက်စာလောက်တိုသွားတာပါ၊ ရော့ပါ တစ်လိပ်လောက်ဖွာသွားစမ်းပါဦး"

ဟု ပြောလိုက်ရာ ကုလားဆရာဝန်ကြီးသည် လွန်စွာ စိတ်ဆိုးသွားလေ၏။ ထို့ကြောင့် . . . .

"ခင်ဗျားကို ဆေးလိပ်မသောက်ဖို့ ကျုပ်က အမိန့်ပေးနေတာ"

ဟု ကုလားဆရာဝန်ကြီးက ပြော လိုက်လေ၏။

"ဒေါက်တာကြီးရယ်၊ ဆေးကောင်းကောင်း ကုစမ်းပါဗျာ၊ အမိန့်မပေးစမ်းပါနဲ့ ၊ လူလူချင်း၊ အမိန့်ပေးတဲ့ အလုပ်လောက် စက်ဆုပ်ဖို့ ကောင်းတဲ့ အရာဟာ ဒီလောကမှာ မရှိဘူးဗျ"

ဟု ဘာဘာက ပြော လိုက်လေ၏။ ထိုအခါ ကုလားဆရာဝန်ကြီးက

"ခင်ဗျား ဆေးလိပ်သောက်ခွင့်မရှိဘူး"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဘာဘာက ဆေးလိပ်တိုကို အနီးရှိ ထွေးခံအတွင်းသို့ပစ်ထည့်လိုက်ပြီးလျှင် . . .

"အခွင့်မရှိတဲ့ အလုပ်ကို လုပ်ရလို့ လားမသိဘူးဗျာ၊ လုပ်ရတာတော်တော်ကောင်းတယ်၊ ဆရာဝန်ကြီးကို ကြည့်ရတာ ဆေးလိပ်မသောက်တတ်ဘူး ထင်တယ်၊နည်းနည်း နည်းနည်း ကျင့်ပြီးသောက်ပေါ့ဗျာ၊ နောက် သောက်တတ်သွားတာပါပဲ၊ အချိုတွေဘာတွေ စားပြီးစ ခံတွင်းချဉ်နေတုန်းများ ဆေးလိပ်လေး တစ်ဖွာနှစ်ဖွာလောက်သောက်လိုက်ရလို့ ရတဲ့ အရသာကို မသိသေးဘူးနော်၊ ဒီအရသာက ဆေးလိပ်သောက်တတ်မှ ရတဲ့ သီးခြားအရသာဗျ၊ အသက်တိုမှာ မကြောက်ပါနဲ့ ၊ ရဲရဲသောက်စမ်းပါ"

ဟု ဘာဘာက ပြောလိုက်လျှင် ကုလားဆရာဝန်ကြီးသည် ဆရာမလေး မမြသွေးဘက်သို့လှည့်ကာ . . .

"သူ့ကို နောက် ဆေးလိပ်သောက်ခွင့်မပေးပါနဲ့ "

ဟု ပြောဆိုကာ ထွက်သွားလေတော့၏။ ဆရာဝန်ကြီးထွက်သွားပြီးနောက် ဆရာမလေး မမြသွေးက . . .

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်မပါ အဆူခံရပြီ၊ ဒီကုလားဆရာဝန်ကြီးက သိပ်ဆိုးတယ်"

ဟု ပြောလိုက်လျှင် ဘာဘာက . . .

"သိပ်ဆိုးသလား၊ သိပ်ဆိုးရင် ဘာဖြစ်လို့ ဆေးရုံမှာ ထားရတာတုန်း "

ဟု ပြောလေ၏။ ထိုအခါ ဆရာမလေး မမြသွေးက . . .

"ရှင်ဟာ သိပ်ခက်တာပဲ၊ ကဲပါ . . . ဒါတွေ ထားလိုက်ပါတော့၊ ဆေးလိပ်မသောက်နဲ့ နော်၊ ကျွန်မ ဟိုဘက်က လူနာတွေကို ဆေးသွားတိုက်ရဦးမယ်၊ ဟိုဘက်အဆောင်က ဆရာမ မလာဘူး၊ ခွင့်ယူထားတယ်"

ဟု ပြောလေ၏။

"ကျုပ်ကို ဟိုဘက်အဆောင်က လူနာတွေနဲ့ ရောမထားဘဲ ဘာဖြစ်လို့ အခန်းထဲမှာ ထားရသလဲ"

"ဒါက လူနာဆောင် မဟုတ်ဘူး ၊ "ဂါတ်ဝပ်" လို့ ခေါ်တယ်၊ ရာဇဝတ်မှုဖြစ်တဲ့ လူတွေ၊ ရာဇဝတ်မှုနဲ့ ပတ်သက်တဲ့ လူတွေ ဆေးရုံတက်တဲ့ အခါမှာ ဒီဂါတ်ဝပ်မှာ တက်ပြီးကုရတယ်၊ ဟိုးအပြင်ဘက်မှာ ပုလိပ်တစ်ယောက်တောင် စောင့်နေသေးတယ်၊ ဆေးရုံ အချုပ်ခန်းပေ့ါရှင်"

ဟု ဆရာမလေး မမြသွေးက ပြော လိုက်လေ၏။

"ဘာဖြစ်လို့ ကျုပ်ကို အချုပ်ခန်းထဲ ထည့်ထားရတာလဲ၊ ကျုပ်မှာ ဘာအမှုရှိလို့ လဲ" ဟု ဘာဘာက ပြန်၍ မေး လိုက်လေ၏။

"ရှင့်မှာ တော့ အမှုမရှိပါဘူး၊ ဒါပေမဲ့ ရှင့်ရဲ့ ရန်သူတွေက ဆေးရုံပေါ်လာပြီး လုပ်ကြံရင်ဘယ့်နှယ့်လုပ်မတုန်း၊ ဒါကြောင့် ဂါတ်ဝပ်မှာ ပဲထားရတာပေ့ါ"

ဟု သူနာပြုဆရာမလေးက ပြောရာ ဘာဘာက . . .

"ဒါဖြင့် ဟိုးအပြင်ဘက်က ပုလိပ်က ကျုပ်အသက်ကိုစောင့်နေတာ ပေါ့၊ ဟား . . . ဟား . . . ကျုပ်မှာ သက်တော်စောင့်တွေ ဘာတွေနဲ့ ပေါ့"

ဟု ပြော လိုက်လေ၏။ သူနာပြုဆရာမလေးက ပြုံးလိုက်ပြီးလျှင် . . .

"ခဏနေဦး"

ဟု ဆိုကာ အပြင်ထွက်သွားလေ၏။ ထိုအခါ ဘာဘာက . . .

"ကျုပ် ဆရာမလေးအတွက် ဆုတောင်းပေးမယ်"

ဟု ပြောလေ၏။ ဆရာမလေးကမူ ခပ်သုတ်သုတ်လေးထွက်သွား၏ ။ ဘာဘာသည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်သောက်၍ အခန်းထဲတွင် လမ်းလျှောက်နေ၏။

အတော်အတန် ညဥ့်နက်လာသောအခါ၌ ဆရာမလေး ပြန်၍ လာလေ၏။ ဆရာမလေး ပြန်၍ လာလေသောအခါ၌ ဘာဘာသည် ပျော်၍ သွားလေ၏။

"ဆရာမလေးရယ် ကျုပ်အနားမှာ ခင်ဗျားကွယ်ပျောက်သွားတာဟာ ကမ္ဘာလောကကြီးမှာ လမင်းကြီးကွယ်ပျောက်သွားသလိုပါပဲ၊ ကျုပ်ဟာလေ အဲဒီအချိန်တွင်းမှာ အမေရဲ့ စွန့်ပစ်ခြင်းခံရတဲ့ သားငယ်လိုပါပဲ"

ဟု ဘာဘာက ပြော လိုက်လေ၏။

"ဟိုဘက်အဆောင်က လူနာတွေအားလုံးကို တန်ပရေချာတိုင်းရတယ်၊ ပြီးတော့ ဆေးထိုးရတယ်၊ ပြီးတော့ စစ်စတာကြီးရုံးခန်းကိုသွားပြီး ဆေးစာရင်းတွေ၊ ပစ္စည်းစာရင်းတွေ လုပ်ရတယ်၊ တစ်နေ့က ဂေါ့စ်နှစ်လိပ်ပျောက်သွားတာနဲ့ စစ်စတာကြီးက ဆူလိုက်တာ၊ ဆေးရုံတစ်ခုလုံး ပွက်လောရိုက်သွားတာပဲ"

ဟု ဆရာမလေးက ပြော လိုက်လေ၏။ ထိုအခါ ဘာဘာက . . .

"အဲဒီ စစ်စတာကြီးဆိုတာကလည်း ဟို အသူရကာယ်မကြီးလိုပဲ လား"

ဟု ပြောလိုက်ရာ ဆရာမလေး မမြသွေးက ပြုံး လိုက်လေ၏။ ဘာဘာလည်း ဘောင်းဘီအိတ်ထဲတွင် လက်များကို ထည့်၍ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေ၏။

"ခင်ဗျားတို့ ဆေးရုံမှာ အသူရကာယ်မကြီးတွေ များ နေပြီ"

ဟု ဘာဘာက ပြော လိုက်လေ၏။ ထို့နောက် ဘာဘာသည် ယင်း၏ အခန်းပေါက်တည့်တည့်ရှိ ဝရန်တာသို့ ထွက်သွားပြီးလျှင် ထိန်ထိန်သာလျက်ရှိသော လမင်းကြီးကို ကြည့် လိုက်လေ၏။ ထိုသို့ကြည့်ပြီးလျှင် . . .

"ဆရာမလေး . . . လာစမ်းပါဦးဗျာ" ဟု ဆိုလိုက်ရာ ဆရာမလေးသည် ဘာဘာအနီးသို့ ကပ်၍ သွားပြီးလျှင် . . .

"ဘာလဲရှင့်" ဟု မေး လိုက်လေ၏။

"ဟိုမှာ ကြည့်စမ်း၊ လမင်းကြီးက ဘယ်လောက်လှသလဲ၊ သူ့ရဲ့ အရောင်ကလည်း ကြည်နူးဖို့ ကောင်းတာ၊ သူ့ကို မြင်ရတာ ဆရာမရဲ့ မျက်နှာကိုမြင်ရသလိုပဲ၊ ကျွန်တော့်စိတ်ထဲမှာ ကြည်နူးသွားတယ်၊ ကျွန်တော့်အမေကို မြင်ရတဲ့ အခါမှာ လည်း ဒီအတိုင်းပဲ ကြည်နူးသွားတယ်၊ ဩော် . . . ဒါနဲ့ ကျွန်တော့်အမေ ဘယ်သူလဲဗျ"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေးသည် မျက်လုံးပြူး၍ သွားလေ၏။ ထိုအခါ ဘာဘာက . . .

"အမြီးအမောက် မတည့်တဲ့ ကျွန်တော့်ရဲ့ မေးခွန်းတွေကြောင့် ဆရာ

မလေး စိတ်ညစ်သွားပြီထင်တယ်၊ စိတ်မညစ်ပါနဲ့ ဆရာမလေးရယ်၊ ကျွန်တော့်အမေ ဘယ်သူလဲဆိုတာ အမေ့နာမည်ကို မေ့နေလို့ မေးတာမဟုတ်ပါဘူး၊ ကျွန်တော့်အမေ နာမည်ကို ကျွန်တော်သိတာပေါ့၊ ဒေါ်သင်းကြိုင်တဲ့ ၊ ကျွန်တော် ဒါကို သိချင်တာ မဟုတ်ဘူး ၊ ကျွန်တော် မေးတဲ့ အမေက ဒါ မဟုတ်ဘူး ၊ လောကရဲ့ မွေးဖွားခြင်းသဘောကို ပြောတာ၊ သူ့အမေ ငါ့အမေတွေကတော့ သေသွားကြလိမ့်မယ်၊ ဒါပေမဲ့ မိခင်သဘောဆိုတာကတော့ ဘယ်တော့မှ မသေဆုံးဘူး၊ ဒါဖြင့်ရင် အဲဒီ မိခင်သဘောရဲ့ အရင်းအမြစ်က ဘယ်ဟာလဲဆိုတာ ဆရာမလေး သိသလား"

ဟု မေးလိုက်ရာ ဆရာမလေး မမြသွေးက ခေါင်းခါ၍ . . .

"ဟင့်အင်း မသိဘူး၊ တစ်ခါမှ လည်း အဲဒါမျိုးတွေ မစဉ်းစားမိဘူး"

ဟူ၍ ပြန်ဖြေလိုက်လျှင် ဘာဘာက . . .

"ဟောဟို အဆောက်အဦနှစ်ခုကြားကို ကြည့်စမ်း၊ ဘာရှိသလဲ"

ဟု ဆိုကာ ဆေးရုံအဆောက်အဦနှစ်ခုကြားသို့ ဘာဘာက ညွှန်ပြလိုက်ရာ ဆရာမလေးက ထိုနေရာသို့ လှမ်း၍ ကြည့် လိုက်လေ၏။

"အဲဒီမှာ ဘာတွေ့သလဲ ဆရာမလေး"

ဟု ဘာဘာက ထပ်၍ မေးလိုက်လျှင် . . .

"ဟင့်အင်း ဘာမှ မတွေ့ဘူး၊ လေဟာပြင်ဗလာသက်သက်ပဲ၊ ဘာမှလဲ မရှိဘဲနဲ့ ဘာတွေ့ရမှာ လဲ"

ဟု ဆရာမလေးက ပြန်ပြော လိုက်လေ၏။

"အဲဒါ သဘာဝမိခင်ဓာတ်ပဲ၊ အဲဒီ ဘာမှ မရှိတဲ့ ဗလာစင် လေဟာပြ

င် ထာဝစဉ် အရှိတရားက မွေးဖွားလာကြတာ၊ အဲဒီ အရှိထဲကနေ ဖြစ်လာကြတဲ့ အရာတွေကတော့ ယာယီပဲဖြစ်တယ်၊ မရှိထဲက ဖြစ်လာတဲ့ အရှိတွေဟာလည်း ပြောင်းလဲတဲ့ အနေနဲ့ ထာဝရဖြစ်တယ်၊ ပြီးတော့ မရှိမှုဟာလည်း ထာဝရဖြစ်တယ်၊ ဆရာကနေ တပည့်ကို ဆရာဖြစ်အောင်လုပ်တယ်၊ အဲဒီတပည့်ဟာ ဆရာဖြစ်သွားတယ်၊ နောက်ထပ် သူဟာလည်း တပည့်ရှာပြီး ဆရာဖြစ်အောင်လုပ်တယ်၊ နောက်ဆုံး အဲဒီဆရာတွေ တပည့်တွေအားလုံးဟာ လောကကြီးကနေစွန့်ခွာသွားရတယ်၊ ဒါပေမဲ့ တပည့်နဲ့ ဆရာဆိုတဲ့ သဘောကတော့ ပျောက်ဆုံးမသွားဘူး၊ ဒီလိုပဲ၊ မိခင်တွေဟာ သားသမီးတွေကို မွေးဖွားပေးခဲ့တယ်၊ မိခင်ရယ်၊ အဲဒီ သားသမီးရယ်၊ သေချင်သေသွားပေမယ့် နောက်ဆုံး မိခင်ရယ်၊ သားသမီးရယ်၊ မွေးဖွားခြင်းဆိုတဲ့ သဘောတွေကတော့ ပျောက်ဆုံးမသွားဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီသဘောတရားတွေဟာ ဗလာထဲက လာခဲ့လို့ ပဲ၊ ဗလာဟာ အလေးနက်ဆုံး၊ အကြီးမားဆုံး၊ အနက်ရှိုင်းဆုံး၊ အလျှို့ဝှက်ဆုံး ဖြစ်တယ်၊ ဆရာမလေးသိစရာမရှိတဲ့ အရှိဗလာကို သဘောပေါက်ရဲ့ လား"

ဟု ဘာဘာက ခေါင်းကို အနည်းငယ်ငဲ့၍ မေး လိုက်လေ၏။ ဆရာမလေးကလည်း ဘာဘာ၏ မျက်နှာကို မော့၍ ကြည့်ရင်း . . .

"သဘောပေါက် နားလည်ပါပြီတဲ့ ရှင်"

ဟု ပြန်၍ ဖြေလိုက်သည် ။

"အဲဒီ အရှိဗလာကို နားလည်ရင် ဘာဘာ့အချစ်ကို သဘောပေါက်လက်ခံနိုင်ရမယ်"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေး မမြသွေးသည် အံ့သြလွန်းသဖြင့် ပါးစပ်ဖွင့်၍ သွားလေ၏။ ထို့နောက် ဆရာမလေးက မျက်နှာ

ပိုးပြန်သတ်လိုက်ပြီးလျှင် . . .

"ဗလာကို မယုံဘူး၊ နားမလည်ဘူး ဆိုရင်ကောရှင်"

ဟု ပြန်၍ မေး လိုက်လေ၏။

"ဗလာကို ယုံယုံ မယုံယုံ ဘာဘာ့ကို ချစ်ရမယ်၊ ပထမချစ်တာက ဆုလာဘ်၊ ဒုတိယ ချစ်တာက အပြစ်ဒဏ်၊ အပြောတူပေမယ့် သဘောက ကွာတယ်လေ ဆရာမလေး"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေးက . . .

"ရှင့်အဖို့ သိပ်နစ်နာနေဦးမယ်"

ဟု ပြောဆို ခနဲ့ လိုက်လေ၏။ ထိုအခါ ဘာဘာက . . .

"ချစ်မေတ္တာအစစ်အမှန်ဟာ အနစ်နာခံရခြင်းဆိုတာခွင့်လွှတ်မှုကို အရင်းခံတယ်"

ဟု ပြောလေ၏။ ထို့နောက် ဆရာမလေးသည် . . .

"သိပ်ပြီး အေး လာပြီ၊ နှင်းတွေလည်း ကျ လာပြီ၊ အထဲဝင်ကြရအောင်"

ဟု စကားကို လှီးလွှဲပြော လိုက်လေ၏။ ထို့နောက် ဆရာမလေးသည် ကော်ဖီနှစ်ခွက်ဖျော်၍ တစ်ခွက်ကို ဘာဘာအား တိုက်၏။ သူလည်း တစ်ခွက်သောက်၏။

"ကော်ဖီသောက်ပြီးရင် အိပ်တော့နော်"

ဟု ဆရာမလေးက ပြောလိုက်ရာ ဘာဘာက . . .

"ဆရာမလေးနဲ့ အတူရှိနေတဲ့ အဖိုးတန်ညလေး ကုန်သွားမှာ ပေါ့ ဆရာမလေးရယ်၊ ကျွန်တော် မအိပ်ရက်ပါဘူး၊ စိတ်ဓာတ်ကြည်လင်နေ

တဲ့ အခါမှာ မအိပ်ရလည်း ကျန်းမာရေးမထိခိုက်နိုင်ပါဘူး၊ အိပ်လိုက်ရင် သာသာယာယာအချိန်တွေ နှမြောစရာကြီး"

ဟု ပြောလိုက်လျှင် ဆရာမလေးက . . .

"ရှင် စာရေးဆရာလား၊ သိပ်ပြီး ဖွဲ့နွဲ့ပြောတတ်တာပဲ"

ဟု ပြောလေ၏။

"စာရေးဆရာ ဟုတ်လား ဆရာမလေးရယ်၊ ကျွန်တော့်ကို အထင်မသေးပါနဲ့ ၊ ကျွန်တော် ဒီလောက်ညံ့ဖျင်းတဲ့ အလုပ်ကို မလုပ်ချင်ပါဘူး၊ ဘာဖြစ်လို့ လဲသိလား၊ ကျွန်တော်က စာအုပ်တွေကို မယုံဘူး၊ အဲဒီလိုပဲ စကားလုံးတွေကိုလည်း စိတ်မချဘူး၊ ဒီတော့ ကျွန်တော်က စာအုပ်နဲ့ ပတ်သက်တဲ့ စာရေးဆရာအလုပ်ကို ဘယ်လုပ်မှာ လဲ၊ စာပဲဖြစ်ဖြစ်၊ စကားလုံးပဲဖြစ်ဖြစ်၊ တကယ့်အဖြစ်အပျက်နဲ့ အများကြီးကွာတယ်၊ တကယ်ခံစားရတာကို စာနဲ့ လည်း ပီပြင်အောင်မရေးနိုင်ကြပါဘူး၊ စကားလုံးတွေနဲ့ လည်း ပြတ်ပြတ်သားသား ကိုယ်တိုင်ခံစားရပုံကို မပြောပြနိုင်ပါဘူး၊ ပြောလိုက်ရင် ဒါမှ မဟုတ် ရေးလိုက်ရင် ပုံပျက်သွားမှာ ပေါ့" ဟု ဘာဘာက ပြော လိုက်လေ၏။

"ဒါဖြင့် ရှင် တစ်ညလုံး မအိပ်တော့ဘူးပေါ့"

ဟု ဆရာမလေးက မေး လိုက်လေ၏။

"ကျွန်တော်က ညစံပြီး နေ့ခံတဲ့ ကောင်လေ၊ စံရမယ့်မေတ္တာဓာတ်ပေါ်ချိန်အခါမှာ အိပ်လို့ ဘယ်ဖြစ်မလဲ၊ ငရဲခံရတဲ့ အခါမှ အိပ်မယ်လေ၊ ဆရာမလေး မနက်ခြောက်နာရီဆိုရင် အော့(ဖ်) မဟုတ်လား၊ အဲဒီအခါမှာ ဟိုအသူရကာယ်မကြီး လာမယ်လေ၊ အဲဒီအခါကျမှ ကျွန်တော် စတင်အိပ်ပါ့မယ်"

ဟု ဘာဘာက ပြောလေ၏။

"ရှင် တစ်ညလုံး မအိပ်ဘဲ ဘာလုပ်မှာ တုန်း"

ဟု ဆရာမလေးက မေး လိုက်လေ၏။

"ဘာများ လုပ်စရာလိုလို့ လဲ ဆရာမလေးရယ်၊ ကျွန်တော့်အနားမှာ ဆရာမလေးရှိနေပြီပဲ၊ ကျွန်တော့်အနားမှာ အမေရှိနေပြီပဲ၊ အမေ့မျက်နှာကို ကျွန်တော် တစ်ညလုံးကြည့်နေမှာ ပေ့ါ၊ အမေ့ရဲ့ မေတ္တာဓာတ်တွေကို ကျွန်တော် တစ်ညလုံးခံယူနေမှာ ပေ့ါ၊ ကြည်ဖြူနေမှာ ပေ့ါ၊ ကျေနပ်ပြီလား"

ဟု ဆိုကာ ဘာဘာသည် ဆရာမလေး၏ မျက်နှာကို ငေးမော၍ ကြည့်ရှုနေလေ၏။ ထိုအခါ ဆရာမလေးသည် မနေတတ် မထိုင်တတ်ဖြစ်၍ လာကာ . . .

"ရှင် ဒီလိုကြည့်နေတာ ကျွန်မ မနေတတ်ဘူး"

ဟု ပြော လိုက်လေ၏။

"အဲဒါကတော့ လမင်းကြီးနဲ့ ဆရာမလေးနဲ့ ကွာတဲ့ အချက်ပဲ၊ လမင်းကြီးကို ကျွန်တော် ဘယ်လောက်ကြည့်ကြည့် လမင်းကြီးက တစ်ခါမှ မနေတတ် မဖြစ်ဘူး၊ အဲဒါကြောင့် လမင်းကြီးက ထာဝရဖြစ်ပြီး ဆရာမလေးက တစ်ခဏဖြစ်နေတာပေ့ါ၊ ဆရာမလေး သေချင်သေသွားမယ်၊ လမင်းကြီးက ဘယ်တော့မှ မသေဘူး၊ ကျွန်တော်သိပါတယ်၊ ဆရာမလေးမှာ ရှက်စိတ်တွေ ဝင်လာလို့ ပါ၊ ဘာကြောင့် ရှက်နေသလဲဆိုတော့ ဆရာမလေးရင်ထဲမှာ မိခင်စိတ်ဓာတ်သက်သက် မဟုတ်ဘူး ၊ မိန်းမဆိုတဲ့ မှတ်သိစိတ်ဖြစ်လာနေတာကိုး၊ နဂိုရှိရင်းစွဲ မိခင်တစ်ယောက်သက်သက်နဲ့ သဘာဝကျကျအလိုအလျောက် (Living Spontaneously) နေကြ

ည့်စမ်းပါ၊ မှတ်သိစိတ်ကို ဖျောက်ပစ်လိုက်စမ်းပါ၊ အဲဒါဆိုရင် ဆက်စပ်ပြီးဖြစ်လာမယ့် အရှက်စိတ်ဓာတ်တွေပေါ်လာမှာ မဟုတ်တော့ဘူး၊ ကိုယ့်သားကလေးက မိခင်မျက်နှာကိုကြည့်လို့ အရှက်စိတ်တွေ စိတ်အစဉ်မှာ ပေါ်လာတဲ့ မိခင်ဆိုတာမျိုး ဘယ်ရှိပါ့မလဲ၊ ဆရာမလေးကိုကြည့်ရတာ ကျွန်တော့်အပေါ်မှာ မရိုးသားတဲ့ စိတ်တွေဖြစ်နေပြီထင်တယ်၊ ကျွန်တော့်ကို ရိုးရိုးသားသားဆက်ဆံပါ ဆရာမလေး၊ ကျွန်တော်က ချစ်တယ် ချစ်တယ်လို့ ပြောခဲ့တဲ့ စကားတွေဟာ မရိုးသားတဲ့ အဓိပ္ပာယ်ဘက်ကို မယူပါနဲ့ ၊ သားကနေ မိခင်ကို ချစ်တဲ့ အချစ်မျိုးကို ပြောနေတာပါ၊ အဲဒီအချစ်ဟာ ဖြူစင်တယ်၊ မရိုးသားတဲ့ အချစ်ကတော့ ပိုင်ဆိုင်မှုသဘောတွေပါနေတယ်၊ ကျွန်တော်က အဲဒါမျိုးတွေကို အလေးအနက်မထားတတ်ဘူး၊ အဲဒီ ပုဂ္ဂလိက ပိုင်ဆိုင်မှုအချစ်ဆိုတာဟာ ကျွန်တော့်မိခင်ဒေါ်သင်းကြိုင်ကို ချစ်သလိုမျိုးချစ်တာ၊ သားဆိုတဲ့ သဘောက မိခင်ဆိုတဲ့ သဘောကို ချစ်တဲ့ ထာဝစဉ်အချစ်၊ သဘာဝအချစ်၊ ဘယ်တော့မှ ကုန်ဆုံးမသွားတဲ့ အချစ်၊ ဆရာမလေးနားလည်အောင်ပြောရရင် ထာဝရမိခင်ဆိုတဲ့ မိခင်သဘော (Eternal Mother)၊ ထာဝရသားသမီးဆိုတဲ့ သဘော (Eternal Son)၊ အဲဒီနှစ်ဦးရဲ့ ထာဝရချစ်ခြင်းမေတ္တာဆိုတဲ့ သဘော (Eternal Love)၊ အဲဒါတွေကို ပြောနေတာ၊ မောင်ဘယ်သူက မဘယ်သူကို ချစ်တာမျိုး၊ သူ့မိခင် ဘယ်သူ့ကို ချစ်တာမျိုးဆိုတာတွေက သိပ်ကို ကျဉ်းမြောင်းတယ်၊ ကန့်သတ်မှုတွေရှိနေတယ်၊ ကျွန်တော်ပြောတဲ့ အချစ်က ဘယ်တော့မှ မကုန်ဆုံးတဲ့ ကန့်သတ်မှုမရှိတဲ့ (Unlimited Love) ကန့်သတ်မှုမဲ့ မေတ္တာတရားကို ပြောတာ၊ ရှင်းရဲ့ လား ဆရာမလေး"

ဟု ဘာဘာက ပြော လိုက်လေ၏။ ထိုအခါ ဆရာမလေးက . . .

"ရှင့်ကို ကြည့်ရတာ ဖီလိုဆိုဖာတစ်ယောက်နဲ့ တူတယ်"

ဟု ပြောလေ၏။ ထိုအခါ ဘာဘာက . . .

"ဒီမှာ ဆရာမလေး၊ ဖီလိုဆိုဖာ တော်တော်များများ ဟာ ကြောင်းကျိုးဆက်စပ်တွေးခေါ်တဲ့ လူတွေများ တယ်၊ ကျွန်တော်က အဲဒီလို (Reasoning) မတွေးခေါ်ချင်ဘူး၊ ဆက်စပ်တွေးခေါ်မှုရဲ့ အပြင်ဘက်က ဖြစ်ချင်တယ်၊ (Beyond Reason) ကြောင်းကျိုးရဲ့ အပြင်ဘက်က ဖြစ်ချင်တယ် ၊ ဒါကြောင့် ဘယ်နည်းနဲ့ မှ ကျွန်တော်ကဖီလိုဆိုဖာ မဖြစ်နိုင်ပါဘူး" ဟု ပြော လိုက်လေ၏။

ထို့နောက် ဘာဘာသည် ဆရာမလေးနှင့်အတူ နာရီပေါင်းများစွာကြည်လင်ရွှင်လန်းစွာ စကားပြောနေလေ၏။ သို့မဟုတ် မိုးထိန်ထိန်လင်းသည် အထိ စကားပြောကြလေ၏။ မိုးလင်းခါနီးတွင် ဆရာမလေးက ကော်ဖီ၊ ကြက်ဥနှင့်ပေါင်မုန့်တို့ ကို ကျွေးလေ၏။ စားသောက်ပြီးသောအခါ၌ ဆရာမလေးက . . .

"ခြောက်နာရီထိုးပြီ၊ ကျွန်မ ပြန်မယ်"

ဟု ပြော၍ ထွက်သွားလေ၏။ ဘာဘာကလည်း ဆရာမလေးအတွက် ဆုတောင်း လိုက်လေ၏။ ထိုအချိန်၌ မှာ ပင် ဘာဘာပြောသည့် အသူရကာယ်မကြီးဆိုသော ဆရာမ ထောင်ထောင်မောင်းမောင်းကြီး ရောက် လာလေ၏။ ထိုအခါ ဘာဘာက . . .

"ဘက်မောနင်း" ဟု နှုတ်ဆက် လိုက်လေ၏။ ဆရာမကြီးက မျက်စိမျက်နှာပျက်သွားလေ၏။

"ဘက်မောနင်းဆိုတာ ဆိုးသောနံနက်ခင်းလို့ ပြောတာ မဟုတ်ဘူးဗျ၊ ကျုပ် အိပ်ရာဝင်တော့မယ် နံနက်ခင်းလို့ ပြောတာ၊ ဘီအီးဒီ (Bed) ဘက်"

ဟု ဘာဘာက ပြော လိုက်လေ၏။ သူနာပြုဆရာမကြီးသည် ဘာဘာအား မျက်စောင်းထိုး၍ ကြည့် လိုက်လေ၏။ ဘာဘာသည် ခုတင်ပေါ်သို့တက်ကာ စောင်ကို ဆွဲ၍ ခြုံရင်း . . .

"ဒီမှာ ဆရာမကြီး၊ ကျုပ် အိပ်တာ နေမကောင်းလို့ အိပ်တာ မဟုတ်ဘူး နော်၊ တစ်ညလုံး ဟိုဆရာမလေးနဲ့ ထိုင်စကားပြောနေတာ၊ အဲဒါကြောင့် အိပ်ရေးပျက်တာ" ဟု ပြော လိုက်လေ၏။ ထိုအခါ ထောင်ထောင်မောင်းမောင်း သူနာပြုဆရာမကြီးက . . .

"ရှင့်ဟာရှင် အိပ်ရေးပျက်လို့ အိပ်အိပ်၊ ရှင့်ဟာရှင် ဆရာမလေးနဲ့ တစ်ညလုံး ထိုင်စကားပြောပြော၊ ကျွန်မအပူတစ်ပြားသားမှ မပါဘူး"

ဟု ပြော လိုက်လေ၏။ ဘာဘာသည် စောင်ကို ခေါင်းမြီးခြုံလိုက်ပြီ ဖြစ်၏။ ခေါင်းမြီးခြုံအတွင်းမှ . . .

"အခုလို စိမ်းစိမ်းကားကားကြီးရှိတာကို ကျေးဇူးတင်ပါတယ်၊ တစ်ခုတော့ရှိတယ်၊ ကျုပ် အိပ်တော့မယ်၊ ဒီနားမှာ ဟိုချွတ်ချွတ် ဒီချွတ်ချွတ် လာပြီး မလုပ်ပါနဲ့ " ဟု ပြော လိုက်လေ၏။ ထိုအခါ ထောင်ထောင်မောင်းမောင်း သူနာပြုဆရာမကြီးက . . .

"ဝေးသေးတယ်၊ ဟိုသူနာပြုဆရာမကြီး ရုံးခန်းမှာ သွားထိုင်နေမယ် " ဟု ဆိုကာ ထွက်သွားလေ၏။ ထိုအခါ ဘာဘာသည် စောင်ကို ခေါင်းမြီးခြုံ၍ အိပ် လိုက်လေ၏။ အိပ်ခါနီး၌ မူ . . .

"ဒီဟာမကြီးကို မုန်းသလောက် ဟိုဆရာမလေးကို ချစ်တယ်၊ ဒီဟာမကြီးကို မုန်းလို့ ဟို ဆရာမလေးကို ချစ်တာများ လား၊ အဲဒီအမုန်းဟာ အဲဒီအချစ်နဲ့ ဆက်သွယ်မှုရှိသလား၊ ဒီလိုလည်း မဖြစ်နိုင်ပါဘူးလေ၊ ဘာပဲဖြစ်ဖြစ် စိတ်ညစ်တဲ့ အခါမှာ အိပ်ပျော်အောင်အိပ်လိုက်တာဟာ အကောင်းဆုံးဆေးတစ်ခွက်ပါပဲလေ"

ဟု မိမိဘာသာ ပြော လိုက်လေ၏။ ထို့နောက် ဘာဘာသည် အမှန် တကယ် အိပ်ပျော်သွားလေ၏။ အိပ်ပျော်နေသောအခါ အိပ်မက်ထဲတွင် ဘာဘာသည် စမ်းချောင်းများ ၊ တောင်ကုန်းများ ၊ လမ်းကလေးများ တွင် ဆရာမလေး မမြသွေးကို လက်တွဲ၍ လမ်းလျှောက်နေသည် ဟု လည်း အိပ်မက် မက်လေတော့သတည်း။

*

ဘာဘာသည် တစ်နေ့လုံးအိပ်နေ၏။ သူနာပြုဆရာမကြီးက ယင်းအားရှိသည် ဟု ပင် သဘောမထား။ ဝတ္ထုစာအုပ်ဖတ်၍ အချိန်ဖြုန်းနေလေ၏။ ဤသို့နှင့်ပင် ညနေ ခြောက်နာရီထိုးသောအခါ၌ ဆရာမကြီးသည် ပစ္စည်းများ သိမ်း၍ ပြန်လေ၏။ ထိုသို့အပြန်တွင် အခန်းဝတွင် ဂျူတီဝင်ရန်ရောက်လာသော ဆရာမလေးမမြသွေးနှင့် သွား၍ တွေ့၏။ ထိုအခါ ဆရာမကြီးက . . .

"တို့ လူနာကတော့ ကာလနဂါးကျနေတာပဲ၊ အိုင် ဂျူတီ စပြီး ဝင်ကတည်းက အိပ်လိုက်တာ အခုထက်ထိ မထသေးဘူး"

ဟု ပြောဆိုကာ ထွက်သွားလေ၏။ ဆရာမကြီး၏ စကားကြောင့် မမြသွေးသည် ပြုံး လိုက်လေ၏။ ထို့နောက် မမြသွေးသည် အခန်းတွင်းသို့ ဝင် လာပြီးလျှင် ယင်း၏ လက်ဆွဲခြင်းကလေးကို ချ၍ ပစ္စည်းများကို ထုတ်၏။ ထိုသို့ချရင်း မမြသွေးက . . .

"ကာလနဂါးကြီးကလည်း အိပ်လှချည်လား"

ဟု ပြောလိုက်ရာ ဘာဘာသည် မျက်နှာကို ဖုံးအုပ်ထားသောစောင်ကို ဖွင့် လိုက်လေ၏။ ထိုသို့ ဖွင့်လိုက်ပြီးနောက် . . .

"မအိပ်ပါဘူးဆရာမလေးရယ်၊ ဟို အသူရကာယ်မကြီးနဲ့ မျက်နှာချင်းဆိုင်ရမှာ မဆိုင်ချင်လို့ ကျုပ်က စောင်ခေါင်းမြီးခြုံပြီး ငြိမ်ငြိမ်လေးနေနေတာပါ " ဟု ပြော လိုက်လေ၏။

"ရှင် တစ်နေ့လုံး ဘာမှ မစားရသေးဘူးပေါ့"

ဟု ဆရာမလေးက မေး လိုက်လေ၏။

"စားဖို့ နေနေသာသာဆရာမရယ်၊ ရေတောင် ထမသောက်ဘူး၊ ရှူး ရှူးလည်း ထမပေါက်ဘူး၊ ဆေးလိပ်တောင် ထမဖွာဘူး၊ ကျုပ်ဟာကျုပ် ငြိမ်ငြိမ်ကလေးနေနေတာ၊ ဆာလိုက်တာ မပြောပါနဲ့ တော့ ဆရာမလေး ရယ်"

ဟု ဘာဘာက ပြော လိုက်လေ၏။ ဆရာမလေး မမြသွေးသည် ကရု ဏာမျက်လုံးရွဲကြီးဖြင့် ဘာဘာအား ကြည့် လိုက်လေ၏။

"ရှင် ခု ဘာစားချင်သလဲ"

ဟု လည်း မေး လိုက်လေ၏။

"စားချင်တာပြောရရင်တော့ ဝဿဝတီနတ်ပြည်က နတ်သုဒ္ဓါ၊ အဲဒါ မှ မရရင်တော့ ဘုရင်ခံသောက်တဲ့ ကော်ဖီ၊ အဲဒါမှ မရှိဘူး ဆိုရင်တော့ ဝေလမင်းသားစားတဲ့ "ဆင်းဒဝစ်"၊ ဒါလည်း ခက်သေးတယ် ဆိုရင် တော့ ဆိုက်ကားသမားစားတဲ့ ထမင်းကြမ်းနဲ့ ပဲပြုတ်ဆီဆမ်း"

ဟု ဘာဘာကပြောလိုက်ရာ ဆရာမလေးက "တခစ်ခစ်" ရယ်ရင်း . . .

"ရှင်ဟာ တော်တော် ရယ်စရာပြောတတ်တယ်၊ ပွဲထဲက လူပြက်ကျ နေတာပဲ"

ဟု ပြောလိုက်ရာ ဘာဘာက . . .

"ကဲပါ ဆရာမလေးရယ်၊ ဆေးရုံကကျွေးတဲ့ ရွှေဖရုံသီး ရေလုံပြုတ်နဲ့ ထမင်းမှန်း ကော်မှန်းမသိတဲ့ ထမင်းတစ်ပန်းကန်လောက်တော့ ဆား

ကလေး ဘာလေးဖြူးပြီး စားချင်လိုက်တာ"

ဟု ပြောလိုက်ရာ ဆရာမလေးက ပန်းကန်ပြားကို ထုတ်၍ ထမင်းနှင့်ကြက်သားကြော်ကိုထည့်ကာ ဘာဘာ၏ ပေါင်ပေါ်၌ လက်သုတ်ပဝါကလေးကိုဖြန့်ခင်းပြီး ပေး လိုက်လေ၏။ ဘာဘာသည် ထမင်းနှင့်ကြက်သားကြော်ကို ကြည့်၍ . . .

"ဆန်ကလေးကလည်း ဖြူဖွေးပြီးကော့နေတာပဲ၊ ကြက်သားကြော်ကလေးကလည်း မွှေးလှချည်လား၊ ဒီတစ်ခါ ဆေးရုံက မီးဖိုကြီးက ကျွန်တော့်အပေါ် ကရုဏာတယ်ထားပါလား"

ဟု ဘာဘာက ပြော လိုက်လေ၏။

"ဘယ်ကလာ ဆေးရုံကဟုတ်ရမှာ တုန်း၊ အဲဒါ ကျွန်မယူလာခဲ့တာ" ဟု မမြသွေးက ပြော လိုက်လေ၏။ ထိုအခါ ဘာဘာက . . .

"ကျုပ်သိပါတယ်ဗျာ၊ တမင်တကာပြောတာပါ၊ ဒီလောက် ကောင်းတဲ့ ပစ္စည်း ဆေးရုံက ကျုပ်တို့ ကိုလည်း မကျွေးပါဘူး"

ဟု ပြောဆိုကာ ဘာဘာသည် ကြက်သားကြော်နှင့် ထမင်းကို မြိန်ရှက်စွာ စားသောက်လေ၏။ ထိုသို့ စားရင်းနှင့်လည်း . . .

"ကောင်းလိုက်တာ ဆရာမလေးရယ်၊ တစ်နေ့လုံးဆာနေလို့ လား မပြောတတ်ဘူး၊ အတော့်ကို အရသာရှိတယ်ဗျို့"

ဟု ပြော လိုက်လေ၏။ ထို့နောက် ဘာဘာသည် ထမင်းပန်းကန်ကို ဆရာမလေးထံပြန်ပေးပြီးလျှင် လက်ဆေး၏။ ပလုတ်ကျင်း၏။ အဝတ်ဖြင့်သုတ်၏။ အလုံးစုံပြီးသောအခါ၌ စီးကရက်ကို ထုတ်၍ မီးညှိ၏။ ဘောင်းဘီအိတ်တွင် လက်နှစ်ဖက်ကို နှိုက်၍ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ ဆရာမလေးသည် ဘာဘာလမ်း

လျှောက်နေသည် ကို ကြည့်ရင်း . . .

"တစ်နေ့လုံးညောင်းနေတာ အခုမှ ပဲ လမ်းလျှောက်ရတယ်နော်"

ဟု ပြော လိုက်လေ၏။ ဘာဘာက . . .

"လမ်းလျှောက်နေတာ မဟုတ်ဘူး ၊ ကျုပ်တွေးနေတာ၊ ကျုပ်အတွေးထဲမှာ လက်ထပ်ပွဲတစ်ခုလည်း ပါတယ်၊ အဲဒီလက်ထပ်ပွဲဟာ သူဌေးတစ်ယောက်ရဲ့ လက်ထပ်ပွဲပဲ၊ အဲဒီသူဌေးဟာ ကျုပ်ပဲ"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဆရာမလေးမမြသွေးက တခစ်ခစ်ရယ်ရင်း . . .

"ဖြစ်နိုင်ပါတယ်၊ ဖြစ်နိုင်ပါတယ်၊ ကျွန်မ လက်ခံပါတယ်"

ဟု ပြောလေ၏။ ဘာဘာသည် ခေါင်းကိုဖြည်းညင်းစွာ ခါယမ်း လိုက်လေ၏။

"ဖြစ်နိုင်လို့ လက်ခံတယ်ဆိုရင်လည်း အဲဒါတကယ်ယုံတာ မဟုတ်ဘူး ၊ ဖြစ်နိုင်ချက်အုတ်ခုံပေါ်မှာ တည်ဆောက်ထားတဲ့ လက်ခံမှုဖြစ်တယ်၊ ဒါပေမဲ့လည်း လေ ဖြစ်နိုင်ချက်အပေါ်မှာ လက်ခံတယ်ဆိုတာ အဘိဓမ္မာသဘောတော့ပါတယ်၊ အဲဒါဟာ နှလုံးသားကယုံကြည်တာ မဟုတ်ဘူး ၊ ဦးနှောက်ကိုယုံကြည်ခိုင်းနေတာ၊ ဦးနှောက်ကိုလက်ခံခိုင်းနေတာ၊ နှလုံးသားက ယုံကြည်တယ်ဆိုတာ ဖြစ်နိုင်ခြေရဲ့ အပြင်ဘက်ကဖြစ်တယ်၊ ဖြစ်နိုင်ချက် နယ်လွန်သဘောတရားတစ်ခုဖြစ်တယ်၊ ကျုပ်လိုချင်တာက ဒါမျိုး မဟုတ်ဘူး ၊ ဆရာမလေးက ဖြစ်နိုင် မဖြစ်နိုင်တွေ ထည့်ပြီးတွက်မနေနဲ့ ၊ ကျုပ်ပြောတာကို တစ်ခါတည်း ယုံလိုက်၊ အဲဒီလိုမှ လည်း နှလုံးသားက ယုံတာဖြစ်လိမ့်မယ်"

ဟု ဘာဘာက ပြော လိုက်လေ၏။ ထိုအခါ ဆရာမလေးမမြသွေးက

. . .

"ကဲပါရှင်၊ ပြောမှာ သာ ဆက်ပြောပါ၊ ယုံပါတယ်ရှင်"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဘာဘာ၏ မျက်နှာသည် ကြည်လင်လာ၏။ ပြုံးလာ၏။ ထို့နောက် အသံထွက်သည် အထိ ရယ်လိုက်၏။ ပြီးလျှင်

"ဒီမှာ ဆရာမလေးရယ်၊ ကျုပ်ပြောတာကို ထောက်ခံရင် အလွန်သဘောကျတာ၊ ကန့်ကွက်ရင် အလွန်မုန်းတာ၊ တစ်ခါတစ်ခါစဉ်းစားမိရင် ကျုပ်မှာ အဲဒီအကျင့်စရိုက်တွေရှိနေလို့ များ လူဖြစ်နေတာလားမဆိုနိုင်ဘူး"

ဟု ပြော လိုက်လေ၏။ ဆရာမလေးသည် ပန်းကန်ခွက်ယောက်များကို သိမ်းရင်း . . .

"မနက်ဖြန် တစ်နေ့လုံးအိပ်နေလို့ မရဘူးနော်၊ ဆေးရုံအုပ်ကြီးလာပြီး စစ်လိမ့်မယ်" ဟု ပြော လိုက်လေ၏။

"ခက်တော့တာပဲဗျာ၊ ဟိုဟာမကြီးနဲ့ တွေ့ရဦးမယ်၊ ကျုပ်က သူ့ကိုမတွေ့ချင်ဘူး၊ မတတ်နိုင်ဘူးလေ၊ ကိစ္စရှိတော့လည်း တွေ့ရဦးမှာ ပေါ့"

ဟု ဘာဘာက ပြန်၍ ပြော လိုက်လေ၏။ ထို့နောက် ဘာဘာသည် မမြသွေးနှင့်အတူ တစ်ညလုံး စကားပြောနေလေ၏။ ဆရာမလေး ပျင်းသည် ဟု ဆိုသောအခါ၌ ဘာဘာက သီချင်းဆိုပြလေ၏။ ဘာဘာဆိုသော သီချင်းမှာ လည်း လွန်စွာ အမြီးအမောက်မတည့်သော သီချင်းမျိုးဖြစ်လေ၏။ ဆရာမလေးမမြသွေးသည် ဘာဘာ သီချင်းဆိုပြသောအခါ နားထောင်ရင်း "တခစ်ခစ်" ရယ်လေ၏။ ထိုအခါ ဘာဘာက . . .

"သီချင်းဆိုပြလို့ မှ အပျင်းမပြေရင်ပြောနော် ဆရာမလေး၊ ကပြရမ

လား၊ ကျုပ်ကောင်းကောင်း ကပြတတ်ပါတယ်နော်၊ မျောက်ကတို့ ၊ ပွေး သမားအကတို့ ၊ အဲဒါတွေတော့ ကတတ်တယ်နော်"

ဟု ပြောလေ၏။ ဆရာမလေးမမြသွေးသည် ဘာဘာနှင့်တစ်ညလုံး ရယ်မောကာနေရသည် ကို ကြည်နူးပျော်မွေ့နေလေ၏။ မိုးလင်းသော အခါ၌ ဘာဘာအား ကော်ဖီနှင့် ကြက်ဥတစ်လုံးကျွေးမွေးကာ ပြန်သွား လေ၏။ ဘာဘာကလည်း စောင်ကို ခေါင်းမြီးခြုံကာ ဆရာမလေးအတွ က် ဆုတောင်းပေးလိုက်ပြန်၏။ ထိုအချိန်၌ပင် သူနာပြုဆရာမကြီးရော က် လာပြီးလျှင် . . .

"ပေးရှင့်၊ အိပ်မနေပါနဲ့ ၊ ဆေးရုံအုပ်ကြီး မနက် ခုနစ်နာရီမှာ လာပြီ စစ်လိမ့်မယ်၊ ရှင့်အင်္ကျီ ဘောင်းဘီတွေကို ချွတ်ပြီး ဆေးရုံကပေးတဲ့ ဘောင်းဘီအဖြူကို ဝတ်ထားပါ၊ ပြီးတော့ ခုတင်ပေါ်မှာ ငြိမ်ငြိမ်ကလေး ထိုင်နေပါ"

ဟု ပြောလေ၏။

"ငြိမ်ငြိမ်ကလေးထိုင်နေရတဲ့ အလုပ်က ကျုပ်အဖို့ စိတ်မပါဆုံးအလု ပ်ပဲ၊ ကျုပ်ကိုယ်စား ခင်ဗျားဝင်ထိုင်ပေးလို့ မရဘူးလား"

ဟု ဘာဘာကပြောလိုက်ရာ သူနာပြုဆရာမကြီးက နှုတ်ခမ်းကိုစူ လိုက်ရင်း . . .

"ရမလားရှင့်၊ ဘာတွေလျှောက်ပြောနေတာလဲ"

ဟု ပြောဆိုကာ အခန်းတွင်းမှ ထွက်သွားလေ၏။ ထို့နောက် ထိုဆ ရာမကြီးသည် စာရွက်တစ်ရွက်နှင့်အတူ ပြန် လာပြီးလျှင် . . .

"ရှင် သေသေချာချာနားထောင်နော်၊ ကျွန်မ ဖတ်ပြမယ်၊ ရှင့်နာမည် ဘာဘာတဲ့ ၊ ဟုတ်လား"

ဟု မေးလိုက်ရာ ဘာဘာက ခေါင်းညိတ်ပြလေ၏။

"ရှင့်အမေနာမည် ဒေါ်မြသွေးတဲ့ ၊ ဟုတ်လား"

ဟု ဆရာမကြီးက မေးပြန်လေ၏။ ဘာဘာက ခေါင်းညိတ်ပြပြန်လေ၏။

"ရှင့်ရဲ့ နေရပ်လိပ်စာကို ဒီမှာ ဖြည့်မထားဘူး၊ ဘယ်မှာ နေတာလဲ"

ဟု မေးလိုက်ရာ ဘာဘာက . . .

"ကြံရာမှာ နေတယ်၊ ကြံရာမှာ စားတယ်၊ ကြံရာမှာ အိပ်တယ်၊ အဲဒါ ကျုပ်ရဲ့ လိပ်စာအပြည့်အစုံပဲ၊ အဲဒီအတိုင်းပဲ စာရင်းသွင်းလိုက်ပါ၊ ဆရာမကြီးရယ်"

ဟု ပြော လိုက်လေ၏။

"ဒါဖြင့်ရင် ခြေသလုံးအိမ်တိုင်ပေါ့"

ဟု ဆရာမကြီးက မေးမြန်းလေ၏။

"အဲဒါလည်းကောင်းတာပါပဲ၊ အဲဒီလိုပဲ ထည့်လိုက်ပေါ့"

ဟု ဘာဘာက ပြော လိုက်လေ၏။

"အင်းပေါ့လေ၊ အိမ်မရှိ ယာမရှိဆိုရင် ခြေသလုံးအိမ်တိုင်လို့ ပဲထည့်ရမှာ ပဲ၊ တခြား ဘယ်လိုထည့်ရမှာ တုန်း"

ဟု ဆရာမကြီးက ပြော လိုက်လေ၏။ ထိုအခါ ဘာဘာက . . .

"ခြေသလုံးအိမ်တိုင်ဆိုတာ ဂုဏ်ငယ်တဲ့ ကိစ္စမဟုတ်ပါဘူး၊ သူ့ရဲ့ အထက်အရာရှိကို ဒူးထောက်နေရတဲ့ ဝန်ထောက်တစ်ယောက်နဲ့ စာရင် ကျုပ်က ဂုဏ်မငယ်ပါဘူး၊ ခြေကို ယရစ်ရဲ့ ခြေနော်"

ဟု ပြော လိုက်လေ၏။

ထိုအချိန်၌ပင် ဆေးရုံအုပ်ကြီးရောက်ရှိ လာလေ၏။ ထိုဆေးရုံအုပ်ကြီး၏ နောက်၌ လည်း ဆရာဝန်နှင့် ဆရာမအချို့ပါ လာလေ၏။ ဆေးရုံအုပ်ကြီးက . . .

"နာမည် ဘယ်လိုခေါ်သလဲ"

ဟု ဘာဘာအား မေး လိုက်လေ၏။

"ဘာဘာ"

ဟု ဘာဘာက ပြန်၍ ဖြေ လိုက်လေ၏။

"ဒဏ်ရာ သက်သာရဲ့ လား၊ နာသေးသလား"

ဟု ဆေးရုံအုပ်ကြီးက မေး လိုက်လေ၏။ ထိုအခါ ဘာဘာက . . .

"ဒဏ်ရာက မနာပါဘူး၊ နာတာက ကျွန်တော်ပါ"

ဟု ပြောလိုက်ရာ ဆေးရုံအုပ်ကြီးသည် မျက်လုံးပြူး၍ သွားလေ၏။ ထို့နောက် ဆေးရုံအုပ်ကြီးသည် ဆရာမဘက်သို့ လှည့်ကာ . . .

"သူ့အခြေအနေ ဘယ်လိုလဲ ဆရာမ"

ဟု မေး လိုက်လေ၏။ ထိုအခါ ဆရာမက . . .

"မြင်တဲ့ အတိုင်းပါပဲ၊ သူပြောချင်တာတွေ လျှောက်ပြောနေတာပဲ"

ဟု ပြန်၍ ဖြေ လိုက်လေ၏။ ထိုအခါ ဆေးရုံအုပ်ကြီးက ဘာဘာဘက်သို့ လှည့်ကာ . . .

"စိတ်ကောင်းကောင်း ထားပါ"

ဟု ပြော လိုက်လေ၏။ ထိုအခါ ဘာဘာကလည်း . . .

"စိတ်ကောင်းထားတဲ့ နေရာမှာ တော့ ကျုပ်လိုလူ ရှားပါးပါတယ်" ဟု ပြန်၍ ပြောလိုက်ရာ ဆရာဝန်ကြီးသည် စိတ်မကောင်းသောမျက်နှာဖြင့် . . .

"အရိုက်ခံရတဲ့ ဒဏ်ရာကြောင့် ဦးနှောက် နည်းနည်းထိသွားတယ် ထင်တယ်"

ဟု ဆိုကာ လူနာမှတ်တမ်းတင်စာအုပ်၌ မည်သည့်အကြောင်းနှင့်မျှ သုံးလအတွင်း ဆေးရုံမှ ဆင်းခွင့်မပြုကြောင်း အခိုင်အမာ ရေးမှတ်သွားလေတော့သတည်း။

*

ဆရာမလေးမမြသွေးသည် အစိမ်းရင့်ရောင် သိုးမွေးလုံးကလေးတစ်လုံးပေါင်ပေါ်၌ တင်၍ သိုးမွေးထိုးကာ အပ်ကလေးတစ်ချောင်းဖြင့် တလှုပ်လှုပ်ထိုးနေလေ၏။ သူမသည် ဤသို့ထိုးလာခဲ့သည် မှာ လည်း ရက်အတော်အတန်ကြာခဲ့ပြီ ဖြစ်၏။ ထို့ကြောင့် ဆွယ်တာအင်္ကျီပုံပင် အတော်ပေါ် လာပြီ ဖြစ်၏။

ဘာဘာသည် ဆရာမလေးမမြသွေး၏ ဘေးရှိ ခုံတွင် ထိုင်ကာ . . .

"ဆရာမလေးကိုကြည့်ရတာ ကျွန်တော်သိပ်သနားတာပဲ၊ ဘာဖြစ်လို့ ဒီသိုးမွေးဆွယ်တာကို လက်ဝင်ခံပြီး ထိုးနေရတာတုန်း"

ဟု မေး လိုက်လေ၏။ ထိုအခါ ဆရာမလေးက . . .

"ဒီလကုန်ရင် ဆောင်းဝင်ပြီရှင့်"

ဟု ပြန်၍ ပြော လိုက်လေ၏။

"အင်းလေ ဟုတ်တာပေါ့၊ ဆောင်းဝင်တော့လည်း အနွေးထည်ဆို

တာ လိုအပ်တာပဲ၊ ထိုးပါဗျာ၊ ထိုးပါ ထိုးပါ၊ ကျုပ်လည်း မထိုးတတ်လို့ ပါ၊ ကျုပ်သာ ထိုးတတ်ရင် ဆရာမလေး မထိုးရဘူး၊ ကူပြီး ထိုးပေးချင်စ မ်းပါဘိ"

ဟု ပြောလိုက်ရာ မမြသွေးက . . .

"တော်တော် အပြောကောင်းတယ်"

ဟု ပြန်၍ ပြော လိုက်လေ၏။

"အပြောကောင်းတာ မဟုတ်ဘူး ဗျ၊ ပါးစပ်က ပြောတာမှ မဟုတ်ဘဲ ၊ နှလုံးသားကပြောတာမို့လို့ ၊ နည်းနည်း ထိထိမိမိ ဖြစ်လာတာပါ"

ဟု ဘာဘာက ပြန်၍ ပြော လိုက်လေ၏။

ဤသို့နှင့် ဘာဘာနှင့် ဆရာမလေးတို့ သည် ညစဉ်ညတိုင်း စကားပြောကြလေ၏။ ဆရာမလေးကလည်း ဘာဘာ၏ ဝေယျာဝစ္စများကိုလုပ်ပေးရင်း ဆွယ်တာကို ထိုးမြဲထိုးလာခဲ့လေ၏။

တစ်နေ့သ၌ ဆေးရုံအုပ်ကြီးသည် လှည့်လည်စစ်ဆေးပြန်လေ၏။ ဘာဘာ၏ အခန်းသို့ ရောက်သောအခါ၌ မူ ဆေးရုံအုပ်ကြီးက . . .

"ဘယ်လိုလဲ မောင်ဘာဘာ၊ နေကောင်းရဲ့ လား"

ဟု မေးလိုက်ရာ ဘာဘာက . . .

"လူက နေကောင်းပါတယ်၊ စိတ်က နေမကောင်းဘူး၊ ဖြစ်နိုင်ရင် ကျွ န်တော် ဆေးရုံးဘေးက လမ်းကလေးမှာ ပတ်ပြီး လမ်းလျှောက်ချင်တ ယ်၊ လျှောက်ခွင့်ပေးပါ"

ဟု ပြောလိုက်ရာ ဆေးရုံအုပ်ကြီးသည် လွန်စွာသဘောကျ၍ သွား လေ၏။ "ဟုတ်တယ် . . . ဟုတ်တယ် . . . မောင်ဘာဘာ မင်းလည်း

ညောင်းနေရော့မယ်၊ နေ့ခင်းဆိုတော့ လူက ရှုပ်တယ်၊ အပြင်က လူနာလာကြည့်တဲ့ လူတွေ၊ ထမင်းလာပို့တဲ့ လူတွေနဲ့ ဆိုတော့ မကောင်းဘူးကွယ့်၊ ဆေးရုံပိတ်ချိန်ကျတော့ မင်းကြိုက်သလောက်လျှောက်ပေတော့"

ဟု ဆိုကာ သူနာပြုဆရာမကြီးကို ဆေးရုံအုပ်ကြီးက အသာခေါင်းဆတ်၍ ခေါ်သွားပြီးလျှင် ဘာဘာ၏ ကွယ်ရာ၌ . . .

"ဂျူတီ Changeတဲ့ အချိန်မှာ ဟို ဆရာမလေးကို ကျုပ်က မောင်ဘာဘာကို လမ်းလျှောက်ခွင့်ပေးထားကြောင်း ပြောထားလိုက်၊ မောင်ဘာဘာမှာ စိတ်ရောဂါမရှိဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ သူပြောတဲ့ စကားမှာ လူတော့နေကောင်းပါရဲ့ ၊ စိတ်တော့နေမကောင်းဘူးလို့ ပြောတယ် မဟုတ်လား၊ အဲဒီစကားဟာ လူကောင်းတစ်ယောက်ရဲ့ စကားပဲ၊ စိတ်ရောဂါရှိတဲ့ လူတွေဟာ သူတို့ ဘာသာ သူတို့ စိတ်ရောဂါရှိတယ်လို့ ဘယ်တော့မှ မပြောကြဘူး"

ဟု ပြော လိုက်လေ၏။ ထို့နောက် သူနာပြုဆရာမကြီးသည် ပြန်လာပြီးလျှင် ၎င်းလုပ်ဆောင်စရာရှိသောအလုပ်များကို လုပ်ပြီးနောက် အပေါစား အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်ကို မပျင်းမရိ ထိုင်၍ ဖတ်နေလေ၏။

ညနေ ငါးနာရီထိုးသောအခါ၌ ဘာဘာက ရေချိုးချင်တယ်ဆို၍ ရေချိုးခွင့်ပေး လိုက်လေ၏။ ထို့နောက် ဆေးရုံအဝတ်အစားသစ်တစ်စုံ ထုတ်ပေး လိုက်လေ၏။ ခြောက်နာရီထိုးသောအခါ၌ သူနာပြုဆရာမကြီးလည်း ပြန်၍ သွားလေ၏။ ထိုဆရာမကြီးပြန်သွား၍ များ မကြာမီ၌ မူ မမြသွေးရောက် လာလေ၏။ ဘာဘာက မမြသွေးအား ပြုံး၍ နှုတ်ဆက်လိုက်လေ၏။ မမြသွေးက ဘာဘာအား စက္ကူအိတ်ကလေးတစ်အိတ်ပေး လိုက်လေ၏။ ဘာဘာသည် ထိုစက္ကူအိတ်ကို လှမ်းယူပြီး နှိုက်ထု

တ်လိုက်ရာ အတွင်းမှ ပလေကပ်လုံချည်တစ်ထည် ထွက် လာလေ၏။

"လုံချည်ပါလား"

ဟု ဘာဘာက ပြောလိုက်ရာ မမြသွေးက . . .

"ဟုတ်တယ်၊ ဒီနေ့ ကျွန်မလခထုတ်တယ်လေ၊ ရှင့်အတွက်ဝယ်လာခဲ့တာ၊ ချုပ်လည်း ချုပ်လာခဲ့ပြီ၊ ဆေးရုံးဘေးကို ပတ်ပြီးလျှောက်ဖို့ ဆရာဝန်ကြီးဆီမှာ ခွင့်တောင်းတယ်ဆို၊ အဲဒီလုံချည်ဝတ်ပြီး လျှောက်ပေါ့"

ဟု ဆရာမလေးမမြသွေးက ပြော လိုက်လေ၏။

"ဆရာမ ဘယ်လိုလုပ် သိသတုန်း"

ဟု ဘာဘာက မေး လိုက်လေ၏။

"မနက်က လခထုတ်တဲ့ နေရာမှာ ဆရာဝန်ကြီး နောက်က ပါလာတဲ့ ဆရာမနှစ်ယောက်က သူတို့ အချင်းချင်း ရှင့်အကြောင်းပြောနေကြတယ်၊ ရှင်က ခွင့်တောင်းနေတယ်ဆိုတာလည်း ပါတာပေါ့ရှင့်၊ အဲဒါ ကြားကတည်းက ကျွန်မ လုံချည်တစ်ထည်ဝယ်လာခဲ့တာ၊ ဘာလဲ ရှင်က မဝတ်ချင်ဘူးလား"

ဟု ဆရာမလေးမမြသွေးက မေးလိုက်ရာ ဘာဘာက . . .

"ကျုပ်ဖြင့် ဒီလိုတစ်ခါမှ မပြောရပါလားဗျာ၊ ကဲ . . . ဝတ်မယ်"

ဟု ဆိုကာ မမြသွေးဝယ်လာသော လုံချည်ကိုကောက်၍ ဝတ်ပြီးလျှင် ဆေးရုံမှ ဘောင်းဘီပွပွကြီးကို ချွတ်ချ လိုက်လေတော့၏။ ထို့နောက် လုံချည်ကို အကျအန သပ်သပ်ရပ်ရပ် ပြင်၍ ဝတ် လိုက်လေတော့၏။ ပြီးလျှင် ဘာဘာက . . .

"ကျုပ်ကို ဆေးရုံအုပ်ကြီးက လမ်းလျှောက်ခွင့်ပေးထားပြီဗျ၊ ကျုပ်

လမ်းထွက်လျှောက်ဦးမယ်"

ဟု ပြောလျှင် မမြသွေးက . . .

"ရှင်တစ်ယောက်တည်း လျှောက်လို့ ဘယ်ဖြစ်မလဲ၊ ကျွန်မ လိုက်ရမယ်" ဟု ပြန်၍ ပြောလေ၏။

"မလိုက်ပါနဲ့ ဗျာ၊ ကျုပ်ဘာသာကျုပ် လျှောက်ရင် ရပါတယ်" ဟု ဘာဘာက ပြောလေ၏။

"လူနာကို ဒီလို တစ်ယောက်တည်း လွှတ်မထားရဘူးလေ၊ ကျွန်မမှာ တာဝန်ရှိတယ်၊ စစ်စတာကြီးတွေ့ရင်လည်း ဆူလိမ့်မယ်"

ဟု မမြသွေးက ပြောလိုက်ရာ . . .

"ဒီလိုဆိုလည်း လိုက်ပေ့ါဗျာ၊ ကျုပ်က ခင်ဗျားကို အားနာလို့ ပါ၊ နို့ နေစမ်းပါဦး၊ ကျုပ်အားနာတယ်လို့ ပြောတာတော့ ဟုတ်ပါပြီ၊ အားနာတယ်ဆိုတာ ဘယ်လိုဟာတုန်းဗျာ၊ ကျုပ်ကို နည်းနည်းရှင်းပြစမ်းပါဦး၊ ဆရာမလေးရော အားနာဖူးတယ် မဟုတ်လား၊ အားနာတဲ့ အချိန်မှာ ကျုပ်တို့ ဘယ်လိုဖြစ်သွားကြတာတုန်း၊ တစ်မျိုးကြီးဆိုတာတော့ သိတယ်၊ ဘယ်လိုဟာကြီးမှန်း မသိပါဘူးဗျာ"

ဟု ပြောလိုက်ရာ မမြသွေးက . . .

"ကတ်သီးကတ်သတ်တွေ မမေးစမ်းပါနဲ့ ၊ ကျွန်မလည်း မပြောတတ်ဘူး"

ဟု ပြောလေ၏။

"ကဲလေ . . . လမ်းလျှောက်ကြရအောင်"

ဟု ဘာဘာက ပြောလိုက်ရာ . . .

"လမ်းလျှောက်တာက ဟုတ်ပါပြီ၊ ရှင့်မုတ်ဆိတ်မွေးတွေ ပါးမြိုင်းမွေးတွေ မရိတ်တော့ဘူးလား"

ဟု မမြသွေးက မေးလိုက်လျှင် ဘာဘာက . . .

"ကျုပ်ရဲ့ မုတ်ဆိတ်မွေးတွေ ပါးမြိုင်းမွေးတွေ နှုတ်ခမ်းမွေးတွေဟာ ကျုပ်ကို ဒုက္ခမပေးဘူး၊ ဘယ်သူ့ကိုမှ လဲ ဒုက္ခမပေးပါဘူး၊ ဘာဖြစ်လို့ ခင်ဗျားက အဲဒါကြီးတွေကို ရိတ်ခိုင်းနေရတာတုန်း"

ဟု ပြော လိုက်လေ၏။ ထိုအခါ မမြသွေးက . . .

"အဲဒါကြီးတွေရိတ်လိုက်ရင် ကောင်းမယ်လို့ ကျွန်မ ထင်တယ်၊ အဲဒါကြောင့် ရှင့်ကို ရိတ်ခိုင်းရတာ"

ဟု ပြောလိုက်ရာ ဘာဘာက . . .

"ဒီလိုဆိုလည်း ရိတ်ရတာပေါ့ဗျာ၊ ဆရာမလေးကသာ ကောင်းမယ်ဆိုရင် ကျုပ်က ဘာမဆိုလုပ်မှာ ပါ၊ ဒါပေမဲ့ ခက်တာက ရိတ်ဖို့ ဓားမရှိဘူးဗျ"

ဟု ပြောလျှင် မမြသွေးက . . .

"ဒီမှာ ဓား၊ ရော့ . . . မုတ်ဆိတ်ရိတ်တဲ့ ဂျုတ်ရော အကုန်ရှိတယ်"

ဟု ဆိုကာ စတိုခန်းမှ အဆင်သင့်တောင်းထားသော ဂျုတ်နှင့် မှန်ကို ပေး လိုက်လေ၏။ ထို့နောက် ရေခပ်ပြီးလျှင် မုတ်ဆိတ်ရိတ်ဆပ်ပြာကို ဘရပ်(ရှ်)နှင့် တို့ ပြီးနောက် ယင်း၏ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများအား ဆွတ်လေ၏။ ပြီးလျှင် ဂျုတ်ဖြင့် ဆွဲချလေတော့၏။ ဘလိပ်ဓားနှစ်ချောင်းလဲပြီးမှ ပင် ယင်း၏ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတို့ ပြောင်လေတော့၏။ ထိုအခါ ဘာဘာက . . .

"ကဲ . . . ဆရာမ၊ ရှိတာတွေပြောင်သွားပြီ၊ လမ်းလျှောက်ကြရအောင်
"

ဟု ဆိုကာ အပြင်သို့ ထွက်မည်ပြုလေ၏။

"အပြင်မှာ နှင်းတွေကျနေပြီရှင့်၊ ဟောဒီဆွယ်တာလေး ဝတ်လိုက်ဦး
"

ဟု ဆိုကာ မမြသွေးသည် ယင်းကိုယ်တိုင် စိတ်ရှည်လက်ရှည်ထိုး ထားသော ဆွယ်တာအစိမ်းလေးကို ဘာဘာအားပေး လိုက်လေ၏။ ဘာဘာသည် ဆွယ်တာအစိမ်းလေးကို လှမ်း၍ ယူလိုက်ပြီးလျှင် မမြသွေး၏ မျက်နှာကို လှမ်း၍ ကြည့် လိုက်လေ၏။

"ဒီဆွယ်တာလေးက ကျုပ်အတွက်ထိုးတာကိုး"

ဟု လည်း ဘာဘာက ပြော လိုက်လေ၏။

"ဟုတ်တယ်လေ၊ ရှင့်အတွက်ထိုးတာပဲ၊ ဆောင်းဝင်လာရင် ရှင့်မှာ အနွေးထည်မှ မရှိဘဲ"

ဟု မမြသွေးက ပြောလိုက်ရာ . . .

"ဝတ်တော့ ဝတ်ချင်ပါတယ်ဗျာ၊ ဒါပေမဲ့ အားနာတယ်၊ အဲဒီအားနာ တယ်ဆိုတာကြီးကလည်း ဘာကြီးမှန်းမသိဘဲနဲ့ အတော်ဒုက္ခပေးတာပဲ"

ဟု ဆိုကာ ဘာဘာသည် ဆွယ်တာကို ခေါင်းမှ စ၍ စွပ်လေတော့၏ ။ ဆွယ်တာမှာ လည်ပင်းကော်လံပါသောကြောင့် မမြသွေးက လည်ပင်း ကော်လံများကို အကျအနလိုက်၍ ခေါက်ပေးလေ၏။

"ဒီနေ့တော့ ဘာဘာတို့ ဘယ်လိုများ ဖြစ်သလဲမသိဘူး၊ လုံချည်အသ စ်တွေ၊ ဆွယ်တာအသစ်တွေ၊ မျက်နှာမှာ လည်း မုတ်ဆိတ် ပါးမြိုင်းမွေး

တွေ မရှိတော့ဘူး"

ဟု ဘာဘာက ပြော လိုက်လေ၏။ ထို့နောက် ဘာဘာသည် အခန်းပြင်သို့ ထွက်သွားလေ၏။ မမြသွေးသည် နောက်မှ ခပ်သုတ်သုတ် လိုက်သွားလေ၏။ ဘာဘာသည် မိန်းလှေကားကြီးမှ ဆေးရုံအောက်ထပ်သို့ဆင်း၏။ မမြသွေးလည်း ခပ်သုတ်သုတ်လိုက်၍ ဆင်း၏။ ပြီးလျှင် ဘာဘာသည် ဆေးရုံကိုပတ်၍ ဖောက်ထားသော မြေနီလမ်းကလေးအတိုင်းလျှောက်သွားလေ၏။ မမြသွေးလည်း ယင်း၏ နံဘေးမှ လိုက်၍ လျှောက်လေ၏။ မြေနီလမ်းကလေး၏ တစ်ဖက်တစ်ချက်တွင် ပုဏ္ဏားရိပ်ပင်ပုပုကလေးများ ရှိ၏။ ပုဏ္ဏားရိပ်ပင်တို့ နှင့်အတူ တရုတ်စကားပင်တို့ လည်း ရှိ၏။ မီးတိုင်ပုပုကလေးများ လည်း စိုက်၍ ထား၏။ အမှန်စင်စစ် ထိုညအဖို့ ထိုမီးတိုင်ကလေးများ သည် မလိုအပ်။ မှုန်တိမှုန်ဝါး လကလေးသည် လည်း နှင်းမှုန်ကြားမှ ထွက်ပြူနေ၏။ ဘာဘာသည် အားရပါးရ လေကိုတဝကြီးရှူပစ် လိုက်လေ၏။ ထို့နောက် ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားနေလေ၏။ မမြသွေးသည် ယင်း၏ နံဘေးမှ ခပ်သွက်သွက်လိုက်၍ နေလေတော့သည် ။

မမြသွေးသည် မောသောကြောင့် အသက်ရှူပြင်းလာ၏။ ထို့ကြောင့် ဘာဘာက . . .

"မောသလား ဆရာမ"

ဟု မေး လိုက်လေ၏။

"မောတာပေါ့ရှင်"

ဟု မမြသွေးက ပြန်၍ ပြောရာ ဘာဘာက . . .

"ဒီလိုဆိုရင် ကျုပ် ကြားဖူးတာနဲ့ လွဲနေပြီ"

ဟု ပြော လိုက်လေ၏။

"ရှင်က ဘယ်လို ကြားဖူးလို့ တုန်း"

ဟု မမြသွေးက ပြန်၍ မေး လိုက်လေ၏။

"ကျုပ် ကြားဖူးတာ ချစ်သူနဲ့ အတူသွားနေရင် မိန်းမတွေဟာ မောတယ် ပန်းတယ်လို့ မရှိဘူးဆိုဗျ"

ဟု ဘာဘာက ပြောလိုက်ရာ မမြသွေးက . . .

"အို"

ဟု ရေရွတ် လိုက်လေ၏။

"ဘာလဲ ဆရာမ၊ ဘာဘာလို ဘာမှ မသိတဲ့ ကောင်ကို ချစ်သူအဖြစ်စိတ်တောင်မကူးဘူးလို့ ပြောချင်လို့ လား၊ ပြောပါ၊ ဆရာမ ရင်ထဲရှိတဲ့ အတိုင်းပြောပါ၊ ကျုပ်ကို အားမနာပါနဲ့ "

ဟု ဘာဘာက ပြော လိုက်လေ၏။ မမြသွေးလည်း ထိတ်ထိတ်ပျာပျာဖြင့် . . .

"ဒီ . . . ဒီ . . . ဒီ . . . ဒီလို မဟုတ်ပါဘူး"

ဟု ပြော လိုက်လေ၏။

"ဩော် . . . သိပြီ . . . သိပြီ . . . ချစ်တော့ ချစ်တယ်၊ အခြေအမြစ်မရှိတဲ့ လူကို ယူဖို့ တော့မစဉ်းစားနိုင်ဘူးလို့ ပြောချင်တာလား၊ ကျုပ်က ဆရာမလေးကို မရချင်ပါဘူး၊ ပိုင်လည်း မပိုင်ချင်ပါဘူး၊ ကျုပ်က ချစ်တာပါ၊ ချစ်တာဟာ ယူတာ မဟုတ်ဘူး ၊ လင်မယားဖြစ်တာနဲ့ လည်း ဘာမှ မဆိုင်ဘူး၊ လင်မယားဖြစ်တိုင်းလည်း ချစ်တာ မဟုတ်ဘူး ၊ ကျုပ်ချစ်တာက ဆေးရုံရှေ့မှာ ပေါက်နေတဲ့ တရုတ်စကားပင်ကြီးက တရုတ်

စကားပွင့်လေးတွေကိုချစ်တာမျိုး၊ အပြစ်မရှိဘူး၊ တင်စီးမှု မရှိဘူး၊ အသာလိုချင်မှု မရှိဘူး၊ ချစ်ခြင်းပကတိသက်သက်၊ ဘာမှ အပိုမဖက်တဲ့ အချစ်သက်သက်၊ အဲဒီ တရုတ်စကားပင်ကြီးက တရုတ်စကားပွင့်ကလေးတွေကိုချစ်တာဟာ အချစ်သက်သက်၊ ဘာမှ မမျှော်လင့်ထားဘူး၊ သူတို့ကလည်း ပြန်မချစ်ဘူး၊ ဒါပေမဲ့ ကျုပ်ကတော့ ချစ်တယ်၊ ဘယ်လောက်ငြိမ်းချမ်းတဲ့ အချစ်လဲဗျာ၊ အခုလည်း ဒီလိုပဲ၊ ဆရာမလေးဆီက အချစ်ကို ကျုပ်က မမျှော်လင့်ဘူး၊ ကျုပ်ဟာကျုပ် ချစ်တာကိုပြောပြတာ၊ ကျုပ်ရင်ထဲမှာ တော့ ရှင်းနေတာပဲ၊ ကျုပ်ရယ်၊ အချစ်ခံဝတ္ထုရယ်၊ ချစ်ခြင်းဆိုတဲ့ သဘောတရားရယ် ပြည့်စုံနေတာပဲ၊ အဲဒီတော့ချစ်လို့ ရတယ်၊ ဆရာမလေး မောရင် ဟောဟို အုတ်ခုံလေးမှာ ထိုင်နေ၊ ကျုပ် နည်းနည်းလမ်းလျှောက်ပြီးရင် အပေါ်ကို ပြန်တက်မယ်၊ ဆရာမလေးချမ်းလှရော့မယ်၊ နှင်းတွေကျ လာပြီ"

ဟု ဆိုကာ ဘာဘာသည် ဆက်၍ လျှောက်လေ၏။ ဆရာမလေးသည် လိုက်မြဲ လိုက်လေ၏။

"မောတယ်ဆို ထိုင်နေလေ၊ ဘာဖြစ်လို့ လိုက်နေတာလဲ"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေးက . . .

"မမောပါဘူး၊ လျှောက်ပါ"

ဟု ပြန်၍ ပြောလျှင် ဘာဘာက . . .

"ဟော . . . ကျုပ် ကြားဖူးတဲ့ စကားနဲ့ ကိုက်သွားပြီ"

မမြသွေး၏ သွားကလေးများ သည် လရောင်၌ ဝင်းလက်သွားလေ၏။ ဘာဘာသည် မမြသွေး၏ လက်ကလေးကို ဖမ်း၍ ကိုင် လိုက်လေ၏။ မမြသွေးကလည်း ရုန်းဖယ်ခြင်းမရှိဘဲ ငြိမ်၍ နေ လိုက်လေ၏။ ဘာ

ဘာက ငုံ့၍ မမြသွေး။လက်ခုံကလေးကို ညင်ညင်သာသာကလေးနမ်းလိုက်၏။ ထိုသို့ နမ်းရင်း ကြွေကျနေသည့် တရုတ်စကားပွင့်ကလေးတစ်ပွင့်ကို ကောက်ယူကာ မမြသွေး၏ လက်ထဲသို့ ထည့်ပေး လိုက်လေ၏။ ခေါင်း၌ ပန်ပေးရန်ဖြစ်သော်လည်း မမြသွေး၏ ခေါင်းတွင် ဖြူဖြူအုပ်ဆောင်းတစ်ခုဆောင်းထားသည် မဟုတ်ပါလား။

"ချမ်းလှပြီ၊ သွားကြစို့ ဆရာမ"

ဟု ဘာဘာက ပြောကာ လျှောက်လာခဲ့သောလမ်းကလေးများ အတိုင်း ပြန်၍ လျှောက်ခဲ့ကြ၏။

ထိုညကလည်း ဘာဘာသည် မမြသွေးအား ထူးဆန်း၍ တွေးရခက်သောစကားများကို တစ်ညလုံးပြောပြနေလေ၏။ နံနက်ခြောက်နာရီထိုး၍ မမြသွေး ဂျူတီထွက်သွားသောအခါ၌ ထုံးစံအတိုင်း စောင်ကို ခေါင်းမြီးခြုံ၍ အိပ် လိုက်လေတော့၏။ ဆယ်နာရီထိုးသောအခါ၌ ဘာဘာအား သူနာပြုဆရာမကြီးက ဆေးရုံအုပ်ကြီး ရုံးခန်းဆီသို့ခေါ်၍ သွားလေတော့၏။ ဆေးရုံအုပ်ကြီးသည် ဘာဘာကိုမြင်လျှင် . . .

"မောင်ဘာဘာ မနေ့ညက လမ်းလျှောက်ရတယ်မဟုတ်လား"

ဟု မေးရာ ဘာဘာက . . .

"လျှောက်ရပါတယ်ခင်ဗျား၊ နှင်းကလေးတွေကလည်း ကျနေတော့ လမ်းလျှောက်ရတာ သိပ်ပြီးကောင်းတာပဲခင်ဗျ၊ လကလေးကလည်း မှုန်ရီမှုန်ဝါးသာနေတော့ ပိုပြီးတောင်ကောင်းသေးတယ်၊ တစ်ခုတော့ရှိတာပေါ့ခင်ဗျာ၊ တယောကလေးတစ်လက်လောက်များ အဲဒီအချိန်မှာ ရှိနေရင်တော့ ဒီထက်တောင်ကောင်းဦးမယ်ခင်ဗျ"

ဟု ပြောလိုက်ရာ ဆေးရုံအုပ်ကြီးက . . .

"ဩော် . . . မောင်ဘာဘာက တယောထိုးချင်လို့ လား၊ ရပါစေ့မယ် ဗျာ၊ ရပါစေ့မယ်၊ ကျုပ် ငယ်ငယ်တုန်းကထိုးခဲ့တဲ့ တယောတစ်လက် တော့ရှိတယ်၊ ကျုပ် မထိုးတာတော့ကြာပါပြီ၊ မိန်းမရပြီးကတည်းကဆို ပါတော့ မောင်ဘာဘာရယ်" ဟု ပြောလိုက်ရာ ဘာဘာက . . .

"ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျ၊ တယောကလေးဟာ ဆ ရာကြီး မိန်းမပိုးတဲ့ ကိစ္စမှာ အထောက်အကူပစ္စည်းနဲ့ တူပါရဲ့ "

ဟု ပြော လိုက်လေ၏။ ထိုအခါ ဆေးရုံအုပ်ကြီးက တဟဲဟဲရယ်၍

"ဝန်ခံပါတယ် မောင်ရင်ရယ်"

ဟု ပြောရင်း စားပွဲပေါ်ရှိခေါင်းလောင်းကိုတီးလိုက်ရာ ဆေးရုံတွင် ခိုင်းသော လူငယ်ကလေးတစ်ဦး အခန်းထဲသို့ရောက်ရှိ လာလေ၏။ ထို အခါ ဆေးရုံအုပ်ကြီးက စားပွဲပေါ်မှာ စာရွက်ဖြူကလေးကိုယူပြီးလျှင် ဆေးစာရေးသကဲ့သို့ လွန်စွာသော့သောလက်ရေးနှင့် စာကြောင်း နှစ်ကြောင်းရေးပြီး ထိုလူငယ်အား ပေးလိုက်ပြီးလျှင် . . .

"အိမ်ကိုသွားပေး ငွတို၊ မင်းကို တယောပေးလိုက်လိမ့်မယ်၊ ကောင်း ကောင်း မွန်မွန်ကိုင်ခဲ့"

ဟု ဆေးရုံအုပ်ကြီးက မှာ လိုက်လေ၏။ ထိုအခါ ငွတိုလည်း စာကို ယူ၍ သွက်လက်စွာထွက်သွားလေတော့၏။ ငွတို ထွက်သွားသောအခါ ဆေးရုံအုပ်ကြီးက ဘာဘာအား . . .

"တို့ ဆေးရုံမှာ နေရတာ အဆင်ပြေရဲ့ လား"

ဟု မေးလိုက်ရာ ဘာဘာက . . .

"အဆင်ပြေတယ်လို့ ပြောရင် ကျွန်တော့်ကို တစ်သက်လုံးထားမှာ လား"

ဟု ပြန်၍ မေး လိုက်လေ၏။ ထိုအခါ ဆေးရုံအုပ်ကြီးသည် တဟဲဟဲ ရယ်လေ၏။

"ဒီလိုလေ မောင်ဘာဘာရဲ့ ၊ မင်းတို့လို ရက်ရှည်ဆေးရုံတက်တဲ့ လူနာတွေက အကြံပေးမှ လည်း တို့ အနေနဲ့ ပြင်တန်တာတွေ ပြင်ရတာ ပေါ့ကွာ"

ဟု ပြောလိုက်ရာ ဘာဘာက . . .

"ပြင်ဖို့ တော့ကျွန်တော့်အနေနဲ့ မတောင်းဆိုပါဘူး၊ ဒါပေမဲ့ ဆရာဝန်တွေ ဆရာမတွေက လူနာဆီလာရင် မျက်နှာကိုအဝတ်ကြီးစည်းပြီး လာတာကိုကြည့်ရတာ ကိုးရိုးကားရားကြီးနိုင်လှတယ်ဗျ၊ လူနာဆီက ရောဂါကူးမှာ စိုးလို့ လား၊ ကူးမှာ စိုးရင်လည်း ဒီအလုပ်ကိုမလုပ်ဖို့ ကောင်းတယ်"

ဟု ပြောလိုက်ရာ ဆေးရုံအုပ်ကြီးသည် "တဟဲဟဲ" ရယ်၏။ ထိုသို့ ရယ်ပြီးနောက် . . .

"လုပ်စမ်းပါဦးကွ" ဟု ပြော လိုက်လေ၏။

"နောက်တစ်ချက်ကတော့ ဆေးရုံမှာ သုံးနှုန်းခေါ်ဝေါ်တဲ့ အခေါ်အဝေါ်တွေအားလုံး မြန်မာလိုပြောင်းပစ်ဖို့ ပဲ၊ ကျွန်တော်တို့ ကိုတိုက်တဲ့ ဆေးတွေ၊ ထိုးတဲ့ ဆေးတွေကို မြန်မာအခေါ်အဝေါ်တွေနဲ့ ဖလှယ်ပစ်စေချင်တယ်၊ အခု ကျွန်တော်ပြောတဲ့ နှစ်ခုစလုံးဟာ မဖြစ်နိုင်တာတွေချည်းပါပဲ၊ ဒီအတိုင်းထားတာပဲကောင်းပါတယ် ခင်ဗျာ "

ဟု ပြောလိုက်ရာ ဆေးရုံအုပ်ကြီးသည် ရယ်ပြန်လေ၏။

"မင်းကို ဒါကြောင့် တို့ ဆေးရုံက ဆရာဝန်တွေ ဆရာမတွေက ဘ

ယ်လိုကောင်မှန်းမသိဘူးလို့ ပြောနေကြတာပဲ"

ဟု ဆေးရုံအုပ်ကြီးက ပြောလေ၏။

ဤသို့လျှင် ဆေးရုံအုပ်ကြီးသည် ဘာဘာနှင့် အချိန်အတော်ကြာစကားပြောနေတော့၏။ ထိုသို့ ပြောနေစဉ်မှာ ပင် ဂွတိုသည် တယောသေတ္တာတစ်လုံးကိုပိုက်လျက် ပြန်လည်ရောက်ရှိ လာလေတော့၏။ ထိုအခါ ဆေးရုံအုပ်ကြီးသည် ဂွတိုအား သေတ္တာကို ဖုန်သုတ်ခိုင်းပြီးလျှင် သေတ္တာကိုဖွင့်၍ တယောနှင့်ဘိုးတံကိုထုတ်ကာ ဘာဘာလက်ထဲသို့ပေး လိုက်လေ၏။ ဘာဘာသည် လိုနေသော တယောကြိုးတစ်ချောင်းကို တယောသေတ္တာအတွင်းမှ နှိုက်ယူကာ တယောတွင် တပ် လိုက်လေ၏။ ပြီးလျှင် ကြိုးညှိ လိုက်လေ၏။ ပြီးလျှင် ထင်းရှူးဆီဖြင့် ဘိုးတံကို ပွတ်လိုက်လေ၏။

"မောင်ဘာဘာ၊ ကျုပ်သဘောကျအောင် တယောထိုးပြနိုင်ရင်တော့ အဲဒီတယောကို မောင်ရင့်ကို အပိုင်ပေးလိုက်မှာ ပဲ"

ဟု ဆေးရုံအုပ်ကြီးက ပြောလိုက်ရာ ဘာဘာက . . .

"သီချင်းတစ်ပုဒ်လုံး မဟုတ်ဘူး ၊ သုံးပုံတစ်ပုံပဲထိုးပြီး တယောကို ကျွန်တော် ယူသွားမယ်"

ဟု ပြောဆိုကာ တယောလက်သံစမ်း လိုက်လေ၏။ ပြီးလျှင် လွန်ခဲ့သောအနှစ် နှစ်ဆယ်ခန့်က လွန်စွာခေတ်စားခဲ့သော သီချင်းကလေးတစ်ပုဒ်ကိုကောက်ထိုးလိုက်ရာ ဆေးရုံအုပ်ကြီးသည် လက်ဖျစ်တီးရင်း ကုလားထိုင်လက်တန်းကို လက်ဝါးဖြင့်တီးကာ စည်းလိုက်နေလေ၏။ ဘာဘာသည် တယောထိုးနေရင်းနှင့် ရုတ်တရက် ရပ်ပစ် လိုက်လေ၏။

"ဆရာကြီး သဘောကျတယ်မဟုတ်လား"

ဟု ဘာဘာက မေးလိုက်ရာ ဆေးရုံအုပ်ကြီးက ခေါင်းညိတ်ပြလေ၏
။

ထိုအခါ ဘာဘာက . . .

"သဘောကျမှာ ပေါ့ဆရာကြီးရယ်၊ ဆရာကြီး မိန်းမပိုးခဲ့တာ ဒီသီချင်းပဲဖြစ်မှာ ပေါ့၊ ဆရာကြီးတို့ ခေတ်လောက်တုန်းက အလွန်နာမည်ကြီးတဲ့ သီချင်းလေ၊ ကျွန်တော်ထင်ပါတယ်၊ ဆရာကြီး ဒီတစ်ပုဒ်ပဲ ကောင်းကောင်း ရမှာ ပါ"

ဟု ပြောလိုက်ရာ ဆေးရုံအုပ်ကြီးသည် "တဟားဟား" ရယ်ရင်း . . .

"ဘာဘာ မောင်ဘာဘာ၊ မင်းအတော့်ကိုလည်တဲ့ အကောင်ပဲ၊ ငါက အဲဒီသီချင်းတစ်ပုဒ်တည်းကို အကျအန လေ့ကျင့်ထားတာကွ၊ မိန်းမပိုးလို့ သိပ်ကောင်းတဲ့ သီချင်းပေါ့ကွာ၊ တို့ ခေတ်တုန်းကပြောတာပါ"

ဟု ဆေးရုံအုပ်ကြီးက ပြော လိုက်လေ၏။ ဘာဘာကလည်း တယောကိုယူသွားမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီးအားပြောလေ၏။ ဆေးရုံအုပ်ကြီးက ခေါင်းညိတ်ပြ၏။

ထို့နောက် ဘာဘာသည် ဆေးရုံအုပ်ကြီးအားနှုတ်ဆက်၍ ပြန်လာပြီးလျှင် တယောဘူးကလေးအား ခေါင်းရင်း၌ တင်ကာ စောင်ကိုခေါင်းမြီးခြုံ၍ အိပ် လိုက်လေတော့၏။ ညနေကျမှ ပင် နိုးလေတော့၏။ ဘာဘာသည် အိပ်ရာမှ နိုးပြီး မကြာမီ၌ပင် မမြသွေးရောက်လာလေ၏။ မမြသွေးသည် သူ၏ ခြင်းကလေးကို စားပွဲပေါ်၌ တင်ရင်း တယောဘူးကလေးကိုတွေ့လျှင် . . .

"တယောတွေ ဘာတွေနဲ့ လား၊ ဘယ်က ရတာတုန်း"

ဟု မမြသွေးက မေး လိုက်လေ၏။

"ဆေးရုံအုပ်ကြီးပေးထားတာ၊ ညနေကျရင် ဆရာမလေးကို ကျုပ် တယောထိုးပြမယ်"

ဟု ဘာဘာက ပြော လိုက်လေ၏။

အမှန်တကယ်ပင် ထိုညက ဘာဘာသည် မမြသွေးအား တယောထိုး ပြလေ၏။ အသံဝါကြီးဖြင့် သီချင်းဆိုပြခဲ့လေ၏။ ထိုညတွင် သာမက ဘာဘာသည် ညစဉ်ညတိုင်း မမြသွေးအား တယောထိုးပြခဲ့လေ၏။

ဘာဘာသည် ဆေးရုံပေါ်၌ ရက်ပေါင်းကိုးဆယ်တိတိနေထိုင်ခဲ့ပြီး နောက် ညတစ်ည၌ မမြသွေးနှင့်အတူ တရုတ်စကားပင်များ အောက်တွ င် လမ်းလျှောက်ရင်း အုတ်ခုံကလေး၌ ထိုင်ကာ မမြသွေးအား တယော ထိုးပြလေ၏။ ထိုသို့ တယောထိုးပြပြီးနောက် . . .

"ဆရာမ ကျုပ် မနက်ဖြန်ဆို ဆေးရုံက ဆင်းခွင့်ရပြီ"

ဟု ပြောလိုက်ရာ မမြသွေးက ထိတ်ထိတ်ပျာပျာဖြင့် . . .

"ဩော် . . . ဟုတ်လား"

ဟု ဆိုကာ မျက်ရည်များ စီးကျလာ၏။ ထို့ကြောင့် မမြသွေး၏ အင်္ကျီ ပခုံးတွင် ထိုးထားသော လက်ကိုင်ပဝါလေးကို ဘာဘာကဆွဲယူကာ မမြ သွေး၏ မျက်ရည်စကလေးများကို သုတ်ပေးရင်း . . .

"မငိုပါနဲ့ ဆရာမရယ်၊ မကြာခင်လက်ထပ်ရတော့မှာ ပါ"

"ဟင် . . . လက်ထပ်ရမယ် ဟုတ်လား"

ဟု မေး လိုက်လေ၏။

"ဟုတ်တယ်လေ ဆရာမရဲ့ ၊ ဆရာမလေးနဲ့ ကိုမင်းမောင် မကြာခင် လက်ထပ်တော့မှာ မဟုတ်လား"

ဟု ဘာဘာက ပြောလိုက်ရာ မမြသွေးက "ရှင်" ဟု ရေရွတ် လိုက်လေ၏။

"ဆရာမ သိပ်ပြီး အံ့သြနေသလား၊ ခင်ဗျားဟာ ကိုမင်းမောင်နဲ့ လက်ထပ်မယ်ဆိုတာ ကျုပ် သိပြီးသားပါ၊ ကိုမင်းမောင်ဆိုတာ လူသတ်မှုတရားခံအဖြစ်နဲ့ ရုံးတော်မှာ တရားစွဲခံခဲ့ရတဲ့ လူလေ၊ ဒီလူဟာ ဒီမြို့မှာတော့ အချမ်းသာဆုံးပေါ့ဗျာ၊ ခင်ဗျားဟာ သူ့ချစ်သူပဲ"

ဟု ဘာဘာက ပြော လိုက်လေ၏။

"ရှင့်ကို ဘယ်သူ ပြောတာတုန်း"

ဟု မမြသွေးက မေး လိုက်လေ၏။

"ကျုပ် သတိလစ်ပြီး ဒီဆေးရုံကိုရောက်လာတာ၊ သတိရတဲ့ အခါမှာ ဆရာမလေးကိုတွေ့တာပဲ၊ အဲဒီကတည်းက ဆရာမလေးလက်က လက်စွပ်ကို သတိပြုမိတယ်၊ အမ်နှစ်လုံးထပ်လျက် ထွင်းထားတယ်၊ အဲဒါ လက်ထပ်လက်စွပ်ပဲ၊ အဲဒီကတည်းကိုက ဆရာမမှာ မကြာခင်ပိုင်ဆိုင်တော့မယ့်လူရှိနေပြီဆိုတာ ကျုပ်သိတယ်၊ နောက်တစ်ခုပြောလိုက်ဦးမယ်၊ ဆရာမလက်မှာ ဝတ်ထားတဲ့ နာရီလေးဟာ တော်ရုံတန်ရုံနာရီမျိုး မဟုတ်ဘူး ဗျ၊ နည်းနည်းပိုက်ဆံရှိရုံနဲ့ ဝတ်နိုင်တာမဟုတ်ပါဘူးဗျ၊ အဲဒါ ရိုးလက်(စ်)နာရီ၊ အနှစ်တစ်သောင်းမှာ မှ တစ်စက္ကန့်လောက်ပဲလွဲချင်လွဲမယ်လို့ ကြော်ငြာတဲ့ အကောင်းစားနာရီမျိုးပေါ့ဗျာ၊ ဆရာမ လခနဲ့ ဘယ်ဝယ်နိုင်ပါ့မလဲ၊ အဲဒါဟာ ကိုမင်းမောင်ရဲ့ ချစ်လက်ဆောင်ဖြစ်မှာ ပဲ၊ ဟောဒီ တယောကြီးလည်း ကိုမင်းမောင်ပစ္စည်းကြီးဗျာ၊ ဆေးရုံအုပ်ကြီးက ခပ်တည်တည်နဲ့ သူငယ်ငယ်တုန်းကထိုးတဲ့ တယောကြီးဆိုပြီး ပေးလိုက်တာ၊ ဒီလူကြီးက ဘယ်တယောထိုးတတ်မှာ လဲဗျ၊ ကျုပ် တယောထိုးတုန်းက သူစည်းလိုက်နေတာကျုပ်တွေ့သားပဲ၊ ဒီလူကြီး စည်းမှ မှန်

အောင် မလိုက်တတ်ပဲ၊ ဒါပေမဲ့ အတော့်ကိုပိရိပါတယ်၊ ဂွတိုဆိုတဲ့ ကောင်လေးကို စာရေးပြီးလွှတ်လိုက်တယ်၊ အဲဒီစာမှာ ဘာရေးထားလဲဆိုတော့ "မိန်းမရေတဲ့ ၊ကိုမင်းမောင်ဆီက တယောတစ်လက် အမြန်ဆုံးသွားတောင်းပြီး၊ ပေးလိုက်" တဲ့ ၊ အဲဒါကို ကျုပ် လှမ်းပြီးမြင်ရပါတယ်ဗျာ၊ သူကလည်း အတော့်ကိုမှ င်ကောင်းတယ်၊ ဒါပေမဲ့တယောဘူးထဲမှာရေးထားတဲ့ "မင်းမောင်" ဆိုတဲ့ စာကိုမဖျက်မိဘူး၊ ကျုပ် ဒီဆေးရုံပေါ်မှ နေချင်သလိုနေပြီး ပြောချင်သလိုပြောခွင့်ရနေတာ ကိုမင်းမောင်ရဲ့ ကျေးဇူးဗျ၊ သူက အားလုံးကို ငွေနဲ့ ခင်းထားတယ်၊ ကျုပ် ဆေးရုံအုပ်ကြီးဆီမှာ လမ်းလျှောက်ခွင့်တောင်းတော့ ဆေးရုံအုပ်ကြီးက ခွင့်ပေးတယ်၊ အမှန်က ဆေးရုံအုပ်ကြီးပေးတာ မဟုတ်ဘူး ၊ သူပေးတာ၊ ခင်ဗျားနဲ့ တွဲလျှောက်ဖို့ ပဲ သူ စီစဉ်ပေးတာ၊ ကျုပ်အတွက် ဆွယ်တာလေးတစ်ထည်ထိုးပေးဖို့ လည်း ခင်ဗျားကို သူက ခိုင်းထားတယ်မဟုတ်လား၊ အဲဒီနေ့က ခင်ဗျား လုံချည်လေးတစ်ထည် ဝယ်လာတယ်မဟုတ်လား၊ အဆင်သင့်ဝတ်လို့ ရအောင် ချုပ်တောင်လာတယ်လို့ ပြောတယ်လေ၊ အဲဒါလည်း ကိုမင်းမောင် လုံချည်ဗျ၊ ခရုတံဆိပ်လေဗျာ၊ ဒီမြို့က ဈေးထဲမှာ မရှိတော့ပါဘူး၊ ခရုတွေမလာတာကြာပြီ၊ ကိုမင်းမောင် ဆယ်ထည်စည်း ဝယ်ထားတဲ့ အထဲက တစ်ထည်ပေ့ါဗျ၊ ပြီးတော့ ဆရာမက ကျုပ်အတွက် ကော်ဖီသွားဖျော်တဲ့ အခါ ကြက်ဥသွားပြုတ်တဲ့ အခါ ဆရာမရဲ့ ခြင်းတောင်းကို ကျုပ်ကြည့်တယ်၊ အဲဒီထဲကစာအုပ်ကြားမှာ လည်း ကိုမင်းမောင်က ဆရာမကိုပေးထားတဲ့ စာကလေးတစ်စောင်လည်းတွေ့တယ်၊ အဲဒီထဲမှာ က ကျုပ်နဲ့ ပတ်သက်လို့ ဘယ်လိုဆက်ဆံရမယ်ဆိုတဲ့ ညွှန်ကြားချက်ပေ့ါဗျ၊ နောက် ကျုပ် ပြောလိုက်ဦးမယ်၊ တစ်ည ဆရာမရဲ့ လက်ခုံကို ကျွန်တော်နမ်းလိုက်တော့ အဲဒီအနားမှာ ကိုမင်းမောင်လည်း ရှိနေတယ်၊ သေချာအောင် ကျုပ်က တမင်တကာနမ်းလိုက်တာ၊

ပြီးတော့ ဆရာမကို ပြောလိုက်ပါဦးမယ်၊ ကျုပ်ကို ထမင်းဆိုင်ထဲအဝင်မှာ လမ်းဘေးကနေစောင့်ပြီး ရိုက်လိုက်တာ ဘယ်သူ့လက်ချက်လဲသိလား"

ဟု ဘာဘာက ပြောလိုက်ရာ ဆရာမလေးက . . .

"ဟင့်အင်း မသိဘူး" ဟု ပြော လိုက်လေ၏။

"အဲဒါ ကိုမင်းမောင်ရဲ့ လက်ချက်ပေါ့၊ ဒီလူ သိပ်မှားတယ်၊ ဒီလူ တခြားနေရာမှာ တော်သလောက် ဒီနေရာမှာ သိပ်မှားတယ်၊ ကျုပ်ဟာ တခြားတစ်နေရာရောက်ရင် ဒီလူသတ်မှုတရားခံကို ဖွင့်ပြောလိမ့်မယ်လို့ သူက ထင်နေတယ်၊ ဒါမှ မဟုတ် ကျုပ်ဟာ ရထားနဲ့ မလိုက်ဖြစ်ဘဲ ဒီမြို့မှာ ခေတ္တနေဦးမယ်ထင်ပြီး တခြားကို မရောက်အောင် ဆေးရုံထဲ ပို့လိုက်တာပါပဲ" ဟု ဘာဘာက ပြောလိုက်ရာ မမြသွေးက. . .

"မဖြစ်နိုင်ပါဘူးရှင်"

ဟု ပြောလေ၏။ ထိုအခါ ဘာဘာက . . .

"အခုလည်း ကိုမင်းမောင် ဒီနားမှာ ရှိတယ်" ဟု ပြော လိုက်လေ၏။

"မရှိပါဘူးရှင်၊ တောက်တီးတောက်တဲ့ ၊ မရှိပါဘူးရှင်"

ဟု မမြသွေးက ပြောလျှင် . . .

"ရှိ မရှိ အခု ကျုပ်ပြမယ်၊ ဆရာမကို ကျုပ် နမ်းမယ်၊ ဆရာမကို ကျုပ် ဖက်မယ်၊ ကိုမင်းမောင် . . . ခင်ဗျား ဒီနားမှာ ရှိရင် လာပြီးကန့်ကွက်ပါ၊ မကန့်ကွက်ရင် တရုတ်စကားပင်ကြီးနဲ့ လမင်းကြီးကို လူကြီးအရာထားပြီး အခုချက်ချင်း ညကြီးမှာ ပဲ လက်ထပ်ရပါလိမ့်မယ်"

ဟု ဆိုကာ မမြသွေး၏ ပခုံးကို ဖက်လိုက်ရာ တရုတ်စကားပင်၏

နောက်မှ တစ်စုံတစ်ယောက်သည် ထွက် လာပြီးလျှင် . . .

"မောင်ဘာဘာ ကျုပ် တောင်းပန်ပါတယ်"

ဟု ပြောလိုက်ရာ မောင်ဘာဘာက . . .

"ကဲ ဆရာမလေး ငြင်းဦးမလို့ လား"

ဟု ပြော လိုက်လေ၏။ ထိုအခါ တရုတ်စကားပင်နောက်မှ ထွက်လာသော ကိုမင်းမောင်က မမြသွေးနှင့် ဘာဘာတို့ အတွင်းတွင် ဝင်၍ ထိုင်လိုက်လေ၏။ ထိုသို့ ထိုင်ရင်း . . .

"မောင်ဘာဘာ၊ ခင်ဗျားက တစ်ခုမကျန်သိနေတာပဲ"

ဟု ပြောလိုက်ရာ ဘာဘာက . . .

"ဘာဘာ ဘာမှ မသိဘူး၊ ဒါကြောင့် အားလုံးကို သိနေတယ်၊ ဒီမှာ ကိုမင်းမောင်၊ ကျုပ်ကို သွားခွင့်ပြုပါဗျာ၊ ရော့ ခင်ဗျားရဲ့ တယော"

ဟု ဆိုကာ တယောကိုပြန်၍ ပေးလိုက်ရာ ကိုမင်းမောင်က . . .

"ဒါလေးတော့ ကျုပ်ရဲ့ လက်ဆောင်အဖြစ် ယူသွားပါဗျာ၊ မြရေ တယောထည့်တဲ့ ဘူးကလေးပါ ယူပြီးပေးလိုက်ပါ"

ဟု ဆိုသဖြင့် မမြသွေးသည် ဆေးရုံပေါ်သို့တက်သွားပြီး တယောဘူးကလေးကို ယူ၍ ကိုမင်းမောင်အားပေးလိုက်ရာ ကိုမင်းမောင်သည် တယောကလေးအား ဘူးကလေးအတွင်းသို့ထည့်၍ ဘာဘာအား လေးလေးစားစား ပေး လိုက်လေ၏။

"ခရီးစရိတ်လည်း ပေးလိုက်ပါရစေ ခင်ဗျာ"

ဟု ကိုမင်းမောင်က ပြောလိုက်ရာ

"ကျုပ် ခင်ဗျားဆီက အပြည့်အစုံရပြီးပြီပဲ၊ တယောလည်း ရပြီးပြီ၊ ချ

စ်သူလည်း ရပြီးပြီ၊ ဒီ့ပြင် ခရီးစရိတ်ယူရဦးမယ် ဆိုရင်တော့ ဘာဘာ့အဖို့ နည်းနည်းလွန်တာပေ့ါဗျာ၊ ချစ်သူရပြီးပြီဆိုလို့ မမြသွေးကို တစ်မျိုးမထင်နဲ့ နော်၊ ကျုပ်က သူ့ကို တရုတ်စကားပွင့်ကလေးတွေကို ချစ်သလိုချစ်တာ၊ ကဲ . . . သွားမယ်"

ဟု ဆိုကာ ဘာဘာသည် နှင်းမှုန်များ အကြားတွင် ထွက်သွားလေတော့၏။ မမြသွေးနှင့် ကိုမင်းမောင်သည် ဘာဘာအား မျက်စိတဆုံးကြည့်နေရာ ဘာဘာသည် နှင်းမှုန်များ အကြားတွင် တဖြည်းဖြည်းပျောက်ကွယ်၍ သွားလေ၏။

ထိုအခါကျမှ ပင် ကိုမင်းမောင်သည် . . .

"မြ . . . တာဝန်ကျေတယ်"

ဟု ဆိုကာ မမြသွေး၏ နဖူးလေးအား နမ်း လိုက်လေတော့သတည်း။

*